မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၂၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ယူကရိန်းနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၀၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ယူကရိန်းသမ္မတနိုင်ငံ သမ္မတ မစ္စတာဗစ်တာ၊ ယူရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

တပ်မတော်သားများပီပီ စိတ်ဓာတ်ကောင်းကောင်းဖြင့် အနိုင်မခံ အရှုံးမပေး ကြိုးပမ်းယှဉ်ပြိုင် နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်သည့် အားကစားသမားဖြစ်အောင် ကြိုးစား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာ့တပ်မတော်ပြေးခုန်ပစ်အဖွဲ့အား တွေ့ဆုံမှာကြား၊ ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဩဂုတ် ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် Singapore Army Half Marathon-2006 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် ပြေးခုန်ပစ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ခန်းမ၌ တွေ့ဆုံအားပေးပြီး အမှာစကားပြောကြားသည်။

တက်ရောက်

တွေ့ဆုံအမှာစကားပြောကြားရာသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း ဦးဆောင်သည့် မြန်မာ့တပ်မတော် ပြေးခုန်ပစ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

ပို့ဆောင်နှုတ်ဆက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် Singapore Army Half Marathon-2006 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် ပြေးခုန်ပစ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဩဂုတ် ၂၃ ရက်၌ မိုးရွာသွန်းလေသမျှ

နေပြည်တော်	၀ ဒသမ ၁၂ လက်မ
ပူတာအို	၂ ဒသမ ၉၁ လက်မ
ခန္တီး	၂ ဒသမ ၄၈ လက်မ
မော်လမြိုင်	၂ ဒသမ ၄၄ လက်မ
သံတွဲ	၂ ဒသမ ၂၈ လက်မ
မြိတ်	၁ ဒသမ ၇၇ လက်မ
ချောက်မြို့	၀ ဒသမ ၅၁ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၀ ဒသမ ၅၁ လက်မ

မြန်မာ့အလင်း

အင်တာနက် သတင်းနှင့် အားကစား အညွှန်း



တောင်ဝင်ရိုးစွန်းမှ အိုဇုန်းလွှာ အပေါက် အခြေအနေ ထိန်းသိမ်း နိုင်ပြီ

အင်တာနက်သတင်းနှင့်ဓာတ်ပုံ (စာ-၆)

ဆားဘီးယားသူ အီဗန်နိုဗစ် မာတီနာဟင်းဂစ်ကို နိုင်ပြီး ရိုဂျာဗလား ဆွတ်ခူး

ကမ္ဘာတစ်လွှား အားကစား (စာ-၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

ကလေးသူငယ်များ၏အကျိုးစီးပွားအတွက် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိ

တပ်မတော်သည် တပ်သားသစ်များအား စုဆောင်းရာ၌ ၎င်းတို့၏ဆန္ဒအရ ဝင်ရောက်ခွင့် ပြုသော်လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှသာလျှင် တပ်သားသစ်အဖြစ် လက်ခံခဲ့သည်။

စစ်သားစုဆောင်းရေးဆိုင်ရာ မူဝါဒများကို ၁၉၄၇ ခုနှစ်ကပင် တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားပြီး ဖြစ်သည့်အပြင် ၁၉၅၉ ခုနှစ် တပ်မတော် အက်ဥပဒေအရလည်း တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားသည်။

ကာကွယ်ရေးဌာနကောင်စီ၏ တပ်မတော်စစ်သည်များအတွက် စစ်မှုထမ်း စည်းမျဉ်းဆိုင်ရာ ညွှန်ကြားလွှာများတွင်လည်း တပ်သားသစ်များအား အသက် (၁၈)နှစ်ပြည့်ပြီး ဖြစ်ရမည့်အပြင် ကျန်းမာရေးဆိုင်ရာ အခြားသော အချက်များနှင့်ပြည့်စုံမှသာ လက်ခံရမည်ဖြစ်ကြောင်းကို တိတိကျကျ ညွှန်ကြားထားသည်။

အသက်(၁၈)နှစ် ပြည့်သော်လည်း ကိုယ်ခန္ဓာအချိုးအစား ငယ်ရွယ်လွန်းသည့် ကလေးငယ်များကို ရှေ့တန်းစစ်ဆင်ရေးတာဝန်ပေးခြင်းမပြုဘဲ နောက်တန်း တပ်ရင်းဌာနချုပ်များ၌သာ ပေါ့ပါးသည့် အလုပ်တာဝန်များ ပေးထားလေ့ရှိသည်။ တချို့ စာမတတ်သူကလေးများကို တပ်မတော်ပညာရေး ကျောင်းများသို့ပို့ပြီး ပညာသင်ပေးခဲ့သည်။ ထိုသို့ ငယ်ရွယ်သူ တပ်မတော်သားများအား ထိန်းသိမ်းစောင့်ရှောက်ထားခြင်း၊ ပညာသင်ပေးခြင်းတို့သည် တပ်မတော်၏ ကောင်းမြတ်သော အလေ့အကျင့်များပင်ဖြစ်သည်။

တပ်မတော်သည် တပ်သားသစ်များအပေါ် ထိုသို့ အလေ့အထကောင်း၊ အစဉ်အလာကောင်းများဖြင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်နေသော်လည်း ပြည်ပြေး သစ္စာဖောက် အဆိုးမြင်ဝါဒီများက မြန်မာ့တပ်မတော်တွင် ကလေးစစ်သားများ ရှိနေသည်၊ ရှေ့တန်းစစ်ဆင်ရေးများတွင် အဆိုပါကလေးစစ်သားများကို အသုံးပြုနေသည် စသည်ဖြင့် မဟုတ်မမှန် လုပ်ကြံပြီး ပြည်ပမီဒီယာများနှင့် ပေါင်းကာ မြန်မာနိုင်ငံအား ဝါဒဖြန့် ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်နေသည်။

အရွယ်မရောက်သေးသော ကလေးသူငယ်များအား အတင်းအကျပ် တပ်သားများအဖြစ် စုဆောင်းခြင်းကို ကာကွယ်တားဆီးရန်၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် ယင်းသို့ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်တို့အတွက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ဖွဲ့စည်းတာဝန်ပေးခဲ့ပြီးဖြစ်သည်။

တပ်မတော်သည် ဥပဒေနှင့် အသိမှန်ကန်သော ဆောင်ရွက်ချက်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး ကလေးသူငယ်များ၏ အကျိုးစီးပွားအတွက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာ ဆောင်ရွက်သွားမည်သာ ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ထမ်းများဝန်ကြီးဌာန၏ညွှန်ကြားချက်များ တိကျစွာလိုက်နာ အဂတိလိုက်စားမှုကင်းပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစား

နေပြည်တော် ဩဂုတ် ၂၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့သည် ဩဂုတ်၁၉ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာခန်းမ၌ကျင်းပသော စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ဝန်ကြီးက ပြောကြားရာတွင် ယနေ့ ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ အဆမတန်မြင့်တက်လျက်ရှိရာ စက်သုံးဆီအလေအလွင့်မရှိစေရေး အထူးဂရုစိုက်ကြရန်လိုကြောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန်နှင့် လိုက်နာမှုမရှိပါက ထိရောက်စွာ အရေးယူအပြစ်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ အဂတိလိုက်စားမှု ကင်းရှင်းပြီး မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် တက်ရောက်လာသော ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အထူးဂရုစိုက်ဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် မုံရွာမြို့ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၆၄၀)သို့သွားရောက်ပြီး စက်သုံးဆီ အချိန်အတွယ်ကိုလည်းကောင်း၊ စက်သုံးဆီအရောင်းစာရင်းနှင့် စက်သုံးဆီဖြန့်ဖြူးရောင်းချနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ် ကာကွယ်ရေး၊ စက်သုံးဆီ အချိန်အတွယ်နှင့်ပတ်သက်၍ အများပြည်သူတို့ နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် အထူးဂရုစိုက်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဩဂုတ်၂၀ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် စစ်ကိုင်းတိုင်း မြောင်မြို့နယ် ဆင်ဂေါင်းတောင်အနီးရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းသို့ ရောက်ရှိသည်။ ဝန်ကြီးအား စစ်ကိုင်းတိုင်း တိုင်းရောင်းဝယ်ရေးအရာရှိ ဦးသက်ဦးက လက်ရှိ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက် စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက မြေလွတ်မြေရိုင်းများပါမကျန် ခြံစည်းရိုး ကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးသွားရန်မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ခြံစည်းရိုးကြက်ဆူပင် အမှတ်တရ စိုက်ပျိုးပေးသည်။

စွမ်းအားတိုးမြှင့်

ဆက်လက်၍ ဝန်ကြီးသည် မြင်းမူမြို့ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ ဌာနခွဲမန်နေဂျာ ဦးကျော်ဇလက စက်သုံးဆီသိုလှောင် ဖြန့်ဖြူးမှု၊ စီမံကိန်းများသို့ ဖြန့်ဖြူးပေးနေမှုများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးလှမြင့်မောင်က စက်သုံးဆီသယ်ယူပို့ဆောင်နေမှုနှင့် သိုလှောင်ကန်များ အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက စက်သုံးဆီ မပြတ်လပ်စေရေး အထူးဂရုစိုက်ကြရန်မှာကြားပြီး သိုလှောင်ကန်များ၏ သိုလှောင်နိုင်မှုစွမ်းအားတိုးမြှင့်ရေး၊ သယ်ယူပို့ဆောင်ရေးစနစ် လွယ်ကူချောမွေ့စေရေးတို့အတွက် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

ထို့နောက်ဝန်ကြီးသည် စက်သုံးဆီအတင်အချဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဆီလက်ခံရရှိမှုတိုင်းတာရေးစနစ်ကို အဆင့်မြှင့်တင်သွားနိုင်ရေး မှာကြားသည်။ ယင်းနောက် ဝန်ကြီးသည် စက်သုံးဆီ သိုလှောင်ကန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၇/၂၀၀၆)ကို ဩဂုတ် ၂၁ရက် နံနက်၁၀နာရီခွဲက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေးတင်ပြ

ထို့နောက် တက်ရောက်လာသည့်ကော်မတီဝင်များက အသီးသီး ဆွေးနွေးတင်ပြကြရာ သဘာပတိဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၄-၈-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနှားဝင်
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၁၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၂၅	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၃၀	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံယောဇဉ်"** (အပိုင်း-၁၀)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (အပိုင်း-၄)

● ရှေ့ဖုံးမှ

ကြိုးပမ်းယှဉ်ပြိုင်

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ယခုသွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော်ပြေးခုန်ပစ်အဖွဲ့သည် နိုင်ငံတော်နှင့် တပ်မတော်ကို ကိုယ်စားပြု၍ သွားရောက် ယှဉ်ပြိုင်ရမည်ဖြစ်ရာ အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် နိုင်ငံဂုဏ်ဆောင် အောင်ပွဲရအားကစားသမားများဖြစ်အောင်၊ ဇွဲ၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စွာဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်း ယှဉ်ပြိုင်ကြစေလိုကြောင်း။

လေ့ကျင့်မှု အပိုင်းအနေနှင့် မိမိနိုင်ငံ၌ ရှိစဉ်ကပင် အပြည့်အဝလေ့ကျင့်ပြီးဖြစ်ကြောင်း၊ သို့ရာတွင် ပြိုင်ပွဲမစတင်မီအထိ လေ့ကျင့်သွားရန်လိုကြောင်း၊ ပြိုင်ပွဲတွင်လည်း စိတ်ဓာတ်ကောင်းကောင်း၊ဇွဲကောင်းကောင်းဖြင့် တပ်မတော်သားများပီပီ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ရန်လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်သည့် အားကစားသမားများဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ရန် လိုကြောင်းဖြင့် အကျယ်တဝင့် မှာကြားသည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း ဦးဆောင်သည့် အားကစားသမား ၁၄ ဦးပါဝင်သည့် မြန်မာ့တပ်မတော် ပြေးခုန်ပစ်အဖွဲ့သည် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာသွားကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဦးဆောင်သော တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးအား ICRC ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) ဌာနေကိုယ်စားလှယ် Mr. Patrick Vial လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၃

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဌာနေကိုယ်စားလှယ် Mr. Patrick Vial သည် ယမန်နေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ညှိုခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းနှင့် ရုံးအဖွဲ့မှူး ဦးခင်မောင်သိန်းတို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ယူကရိန်းနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၀၆ခုနှစ် ဩဂုတ် ၂၄ရက်တွင် ကျရောက်သော ယူကရိန်းသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ယူကရိန်းသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာဘောရိစ်၊ တာရာစ်ယုခ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အာနာပါနကမ္မဋ္ဌာန်းတရားတော် အသံလွှင့်ဟောကြားမည်

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၆ခုနှစ် ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကလေးဝတောရ ကျောင်းတိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကရေ၊ ဒွိပိဋက ကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသက **"အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံတရားတော်"**ကို အသံလွှင့်ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်အောင် မြွန်တန်ဆာ အော်တိုအိတ်ချိန်း ဖွင့်လှစ်ထားရှိ

နေပြည်တော် ဩဂုတ် ၂၃

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၂၁ရက်တွင် ပြွန်တန်ဆာမြို့သို့ရောက်ရှိရာ ပဲခူးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန်နေဂျာက ပြွန်တန်ဆာ အော်တိုအိတ်ချိန်းဖွင့်လှစ်ထားရှိမှုနှင့် ဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဝန်ထမ်းများ စည်းကမ်းတကျရှိရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ကျောက်တံခါးမြို့ အော်တိုအိတ်ချိန်း အဆောက်အအုံသို့ရောက်ရှိ၍ အိတ်ချိန်း၊ စာတိုက်နှင့် ကြေးနန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပဲနွယ်ကုန်း အော်တိုအိတ်ချိန်း အဆောက်အအုံသို့ သွားရောက်ကာ အော်တိုတယ်လီဖုန်းအိတ်ချိန်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကညွတ်ကွင်းမြို့သို့ရောက်ရှိ၍ ကညွတ်ကွင်း အော်တိုအိတ်ချိန်း အဆောက်အအုံ တည်ဆောက် ထားရှိမှုနှင့် တယ်လီဖုန်းလိုင်း တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိန်းသိမ်းစောင့်ရှောက်

ဝန်ကြီးသည် ဩဂုတ် ၂၂ ရက်တွင် နေပြည်တော်ရှိ ဝန်ကြီးဌာန၏ လျှိုပိတ်ဆည် အမှတ်(၁၄)သို့ ရောက်ရောက်မှု၊ ငါးမွေးမြူထားရှိမှုနှင့် ဘဲများမွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးဌာနရုံးရှေ့၌ နှစ်ရှည်ပင် စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ အပင်များ ရေရှည်ရှင်သန်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး မှာကြားသည်။

ယင်းနောက်ဝန်ကြီးသည် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့်အတူ Conferencing and Collaboration System နှင့် Certification Authority စနစ် တင်ပြမှုတို့ကို ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် နေပြည်တော်ရှိ ဝန်ကြီးဌာန၏ လျှိုပိတ်ဆည်အတွင်း ရေဝင်ရောက်မှု၊ ငါးမွေးမြူထားရှိမှုနှင့် ဘဲများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(ဆက်သွယ်ရေး)

သစ်တောရေးရာ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် တင်ဒါရောင်းချမည့်လပ်ပုံများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၃

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနကန်(၃) သစ်ဆိပ်နှင့် ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်သို့ ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများ၊ အဆင့်အတန်းအစား ခွဲခြားသတ်မှတ် ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပုဇွန်တောင်မြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန စက်ဆန်းသစ်ဆိပ်တွင် တင်ဒါရောင်းချမည့် လပ်ပုံများကို ကြည့်ရှုစစ်ဆေးစဉ်။
(သစ်တောရေးရာ)

စာပေစာနယ်ဇင်းညီလာခံ အတွေ့အကြုံ ရှင်းလင်း

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံအတွေ့အကြုံရှင်းလင်းပွဲကို ပုဇွန်တောင်မြို့နယ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA)ခန်းမ၌ ဩဂုတ် ၂၀ရက်ကကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးခင်အောင်(သတင်းထောက်ခင်အောင်)ကသဘာပတိအဖြစ် ဆောင်ရွက်၍ အတွင်းရေးမှူးဦးသန်းထွန်း(သီဟ–ရောဝတီ)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အတွေ့အကြုံ ရှင်းလင်းပွဲတွင် ဥက္ကဋ္ဌဦးခင်အောင်(သတင်းထောက်ခင်အောင်)က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၏ အမှာစကားပါလမ်းညွှန်ချက်(၁၂)ချက်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၏ မှာကြားချက်တို့ကို ဖတ်ကြားတင်ပြ၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံအတွေ့အကြုံကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးဦးသန်းထွန်း(သီဟ–ရောဝတီ)က ရှင်းလင်းတင်ပြကြောင်းသိရသည်။ **(၁၅၂)**

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ဟာဝိုင်ယီ ကျွန်းအနီးရှိ ပင်လယ် အခြေစိုက်စခန်းတစ်ခုမှ တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံး ဆက်သွယ်ရေး ဂြိုဟ်တုအား လွှတ်တင်လိုက်သည်ကို ဩဂုတ် ၂၂ ရက် ကတွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် တောင်ကိုရီးယားနှင့် နိုင်ဂျီးရီးယားတို့ လက်မှတ်ရေးထိုး

အဘူဂျာ ဩဂုတ် ၂၃

နိုင်ဂျီးရီးယားနိုင်ငံ အမျိုးသားသတင်းပြန်ကြားရေးဆိုင်ရာ နည်းပညာဖွံ့ဖြိုးရေးအေဂျင်စီ(အင်န်အိုင်တီဒီအေ)နှင့် တောင်ကိုရီးယားနိုင်ငံ ကာဒိုအေဂျင်စီတို့အနေဖြင့် အိုင်စီတီဆိုင်ရာ နားလည်မှုစာချွန်လွှာ တစ်ရပ်ကိုပြီးခဲ့သည့် သီတင်းပတ်ကုန်က လက်မှတ်ရေးထိုးခဲ့ကြသည်။

ပူးပေါင်းဆောင်ရွက်

နိုင်ဂျီးရီးယားနိုင်ငံတွင် သတင်းပြန်ကြားရေး နည်းပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဖြစ်ပြီး နိုင်ဂျီးရီးယားနိုင်ငံမြို့တော် အဘူဂျာတွင်အင်တာနက်နှင့် သတင်းဆက်သွယ်ရေးဆိုင်ရာ အစီအစဉ်များကို တောင်ကိုရီးယားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း အင်န်အိုင်တီဒီအေမှ ညွှန်ကြားရေးမှူးချုပ် ကလီယိုပက်အင်ဂါယီက ပြောကြားသည်။

ပြောကြား

ထို့အပြင် နိုင်ဂျီးရီးယားနိုင်ငံတွင် အိုင်စီတီ နည်းပညာရပ်များသင်ကြားပြသရန် တောင်ကိုရီးယားနိုင်ငံမှ အိုင်စီတီကျွမ်းကျင်သူများကို နှစ်စဉ်အလည်အပတ်လာရောက်ရေးကိုလည်း ဆောင်ရွက်သွားမည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

အထောက်အကူပေးနိုင်

ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် ကမ္ဘာ့အိုင်စီတီနယ်ပယ်တွင် အဓိကပါဝင်လှုပ်ရှားနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာစေရေးကို အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်းလည်း အင်ဂါလီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယအရှေ့ပိုင်း၌ရေကြီး ၁၄ ဦးသေဆုံး၊ နှစ်သိန်းခန့်ရေဘေးသင့်

နယူးဒေလီ ဩဂုတ် ၂၃

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩရိဿပြည်နယ်၌ လွန်ခဲ့သော သီတင်းပတ်ကျော်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် အနည်းဆုံးလူ ၁၄ ဦးသေဆုံးပြီး လူ ၂၀၀၀၀၀ ကျော် ရေကြီးမှုအန္တရာယ်ကို ကြုံတွေ့ရကာ စိုက်ပျိုးမြေလယ်ယာဟက်တာပေါင်း ခြောက်သန်းကျော် ပျက်စီးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ ပြည်နယ်၏ ခရိုင် ၃၀ တွင် ရေကြီးမှုဒဏ်ခံခဲ့ရမှုကြောင့်လူ၁၁ ဦးသေဆုံးခဲ့ကြောင်း၊ အဆိုးရွားဆုံးမှာ ဘန်ဂလိုနှင့် ဘတ်ဒရပ်ခရိုင်များဖြစ်ကြောင်း ဩဂုတ် ၂၁ ရက်၌ ဒေသအာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ပြည်နယ်၏နေရာဒေသအများအပြားတွင် လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်းများပြတ်တောက်ပြီး ထောင်ပေါင်းများစွာသော ပြည်သူများ သောင်တင်နေကြသည်။

လာမည့်နှစ်ရက်အတွင်း မိုးအဆက်မပြတ် ရွာသွန်းဖွယ်ရှိပြီး အနည်း ငယ်သာ အခြေအနေတိုးတက်ဖွယ်ရှိကြောင်း မိုးလေဝသကျွမ်းကျင်သူများက ခန့်မှန်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ရုရှားခရီးသည်တင်လေယာဉ် ယူကရိန်း၌ ပျက်ကျ၊ လူ ၁၇၀ သေဆုံး

မော်စကို ဩဂုတ် ၂၃

ယူကရိန်းနိုင်ငံ ဒိုးနက်မြို့အနီး၌ ဩဂုတ် ၂၂ ရက်က ရုရှားဂျက်လေယာဉ်တစ်စင်းပျက်ကျသွားရာ သေဆုံးသူများ၏ အလောင်းများကို တွေ့ရှိခဲ့ကြောင်း ရုရှားအရေးပေါ်ဆိုင်ရာ ဝန်ကြီးရုံးက ပြောကြားသည်။

အဆိုပါ ဂျက်လေယာဉ်သည် ခရီးသည် ၁၆၀ နှင့် လေယာဉ်အမှုထမ်း ၁၀ ဦးလိုက်ပါလာရာ ယူကရိန်းနိုင်ငံပေါ်အရောက် ရေဒါစကရင်တွင် ပျောက်ကွယ်သွားခဲ့ကြောင်း၊ ၎င်းလေယာဉ်မှာ ဒိုးနက်မြို့အနီး၌ ပျက်ကျသွားပြီး မီးလောင်ကျွမ်းနေသည်ကို တွေ့ရကြောင်း၊ ယူကရိန်း တာဝန်ရှိသူများ၏ ပြောကြားချက်ကို ရုရှားသတင်းဌာနက ကိုးကားဖော်ပြသည်။

ယင်းလေယာဉ်သည် ရုရှားတောင်ပိုင်း အနာပါမြို့မှ စိန့်ပီတာစဘတ်မြို့သို့ ပျံသန်းစဉ်အတွင်း ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းလေယာဉ်မှာ တူပိုလက်တု ၁၅၄ ဖြစ်ပြီး လေယာဉ်ပေါ် လိုက်ပါသွားသူအားလုံး သေဆုံးဖွယ်ရှိကြောင်း ရုရှားလေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

(အင်တာနက်)

ယူကရိန်းနိုင်ငံ ဒိုးနက်မြို့ အနီး၌ ရုရှားလေယာဉ်တစ်စင်း ပျက်ကျနေသည်ကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဗီယက်နမ်က သွင်းကုန်များအပေါ် အခွန်လျှော့ချမည်

ဟန်နွိုင်း ဩဂုတ် ၂၃

ဗီယက်နမ်နိုင်ငံသည် လာမည့် စက်တင်ဘာလမှ စတင်ကာ သွင်းကုန်ပစ္စည်းအမျိုးအစားပေါင်း ၄၀၀ ပေါ်တွင် အခွန်များ လျှော့ချကောက်ယူသွားမည်ဖြစ်ကြောင်း ဗီယက်နမ်နယူးစ်သတင်းစာက ဩဂုတ်၂၁ ရက်၌ဖော်ပြသည်။

အဆိုပါ အခွန်လျှော့ယူမည့် ကုန်ပစ္စည်းများမှာ အီလက်ထရွန်နစ်ပစ္စည်းများ၊ မော်တော်ကား အစိတ်အပိုင်းများ၊ ဆိုင်ကယ်များ၊ ဆိုင်ကယ်အစိတ်အပိုင်းများနှင့် ရေခဲသေတ္တာများ စသည့်ပစ္စည်းများ ပါဝင်ကြောင်း ၎င်းသတင်းစာက ဖော်ပြထားသည်။

အိမ်သုံးအီလက်ထရွန်နစ်ပစ္စည်းများအပေါ်တွင် လက်ရှိအခွန် ၄၀ မှ ၅၀ရာခိုင်နှုန်းအစား ၃၀ မှ ၄၀ရာခိုင်နှုန်းသို့လည်းကောင်း၊ ဆိုင်ကယ်များအပေါ် ၁၀၀ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းသို့လည်းကောင်း စသည်ဖြင့် လျှော့ချပေးသွားမည်ဟု ဗီယက်နမ်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

အခြားကုန်ပစ္စည်းများ တင်သွင်းမှုအပေါ်တွင်လည်း ၂၀ မှ ၄၀ ရာခိုင်နှုန်းမှ ၀ ဒသမ ၅ ရာခိုင်နှုန်းလျှော့ချပေးမည်ဖြစ်ကြောင်း ယခုနှစ် ပထမခုနစ်လတာကာလတွင် သွင်းကုန်ပစ္စည်းများ အခွန်ငွေ ၂၄ ဒသမ ၈ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယနိုင်ငံတွင် အွန်လိုင်းမှ ဈေးဝယ်သူများလာ

နယူးဒေလီ ဩဂုတ် ၂၃

အိန္ဒိယနိုင်ငံသည် အီလက်ထရွန်နစ်စနစ်သုံး စီးပွားရေးကဏ္ဍ တိုးတက်မှုမှာ ၂၀၀၆–၂၀၀၇ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၅၆သန်းမှ ဒေါ်လာသန်း ၅၀၀ အထိရရှိမည်ဖြစ်ရာ တိုးတက်မှုမှာ ၉၅ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ထိုသို့ တိုးတက်မှုမှာ အိန္ဒိယနိုင်ငံတစ်ဝန်းတွင် အင်တာနက်သုံးစွဲသူ ၃၈ဒသမ၅သန်းရှိရာ ၂၀၀၇–၂၀၀၈ခုနှစ်အတွင်း အင်တာနက်သုံးစွဲသူ သန်း ၁၀၀ကျော်ရှိလာမည်ဖြစ်ကြောင်း မွမ်ဘိုင်းအခြေစိုက်အင်တာနက်နှင့် မိုဘိုင်းအဖွဲ့အစည်း(အိုင်အေအမ်အေ)က ပြောကြားသည်။

အားကိုးမှုရှိလာ

ယခုကဲ့သို့ အွန်လိုင်းစနစ်ဖြင့် ဈေးဝယ်ခြင်းသည် ယုံကြည်စိတ်ချမှုများကြောင့် ပိုမိုအသုံးပြုလာကြခြင်းဖြစ်ကာ အားကိုးမှုလည်းရှိလာကြကြောင်း အွန်လိုင်းအသုံးပြုဈေးဝယ်သူ ၁၂၄၀ကို လေ့လာသုတေသနပြုခဲ့ရာမှ သိရှိခဲ့ရခြင်းဖြစ်သည်ဟု အိုင်အေအမ်အေက ပြောကြားသည်။

သို့ရာတွင် အွန်လိုင်းဖြင့်ဈေးဝယ်သူများသည် အခက်အခဲနှင့်ကြုံတွေ့ရလျက်ရှိပြီး ယင်းမှာအကြွေးကတ်ပြားပြဿနာပင်ဖြစ်ကြောင်း၊ ထိုသို့ ပြဿနာဖြစ်ရာတွင် ဈေးဝယ်သူအမျိုးသားများ၏ ၈၅ရာခိုင်နှုန်းရှိကြောင်း၊ ၎င်းတို့သည် ကိုယ်ပိုင်အကြွေးဝယ်ခွင့် ကတ်ပြားများကို အသုံးမပြုကြကြောင်း အင်ဒို–အာရှသတင်းဌာနမှ သတင်းထုတ်ပြန်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီကွေဒေါ၌ မီးတောင်ပေါက်ကွဲ ငါးဦးသေဆုံး၊ ၁၃ဦးဒဏ်ရာရ

ကွီတို ဩဂုတ် ၂၃

အီကွေဒေါနိုင်ငံတောင်ပိုင်းရှိ တွန်ရူရာဟွာမီးတောင်သည် ဩဂုတ် ၁၇ ရက်က ပေါက်ကွဲခဲ့ရာ ပြာများနှင့် အမှုန်များထွက်ခဲ့သဖြင့် အနီးဝန်းကျင်ရှိ နေအိမ်များနှင့်ကောက်ပဲသီးနှံများ အပေါ်ကျဆင်းခဲ့သည့်အပြင် ဒေသခံပြည်သူ ၄၉၀၀တို့၏ နေအိမ်များပျက်စီးခဲ့ရကြောင်း အီကွေဒေါနိုင်ငံ မြို့ပြကာကွယ်ရေးအဖွဲ့က ဩဂုတ် ၂၀ ရက်၌ သတင်းထုတ်ပြန်သည်။

ဘေးဒုက္ခကြုံ

ထိုသို့မီးတောင်ပေါက်ကွဲမှုကြောင့် လူငါးဦး သေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ လူ ၆၀မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။ မီးတောင်အနီးရှိ ကျေးရွာ ၁၀ရွာမှာ မီးတောင်မှ ထွက်ရှိသော ပြာမှုန်များ၊ အမှုန်များကျဆင်းဖုံးလွှမ်းမှုကြောင့် ပျက်စီးခဲ့ရပြီး လူ ၃၀၀၀ခန့် ဘေးဒုက္ခကြုံတွေ့ခဲ့ရသည်။

မီးတောင်ပေါက်ကွဲ

ထို့အတူ အနီးရှိ ချမ်ဘိုရာဇိုပြည်နယ်မှ ဒေသခံပြည်သူ ၇၄၀နှင့် တွန်ဂါရာဟွာပြည်နယ်မှ မိသားစုဝင် ၂၄၀ ခန့်၏ နေအိမ်များလည်း ပျက်စီးခဲ့ရသည်။ မီးတောင် ပေါက်ကွဲပြီးနောက် ထိုဒေသတွင် ရစ်ချ်တာစကေး ၄ဒသမ၄ရှိ ငလျင်တစ်ခုလည်း လှုပ်ခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

နေအိမ်များပျက်စီး

အီကွေဒေါနိုင်ငံ တောင်ပိုင်း၌ တွန်ရူရာဟွာ မီးတောင်ပေါက်ကွဲမှုကြောင့် ဒေသခံနေအိမ်များ ပျက်စီးသွားသည်ကို ဩဂုတ်၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ် လီကျင်းမြို့ရှိ ရေဖြူမြစ်အနီးတွင် ခရီးသွားဧည့်သည်များအား ဆွဲဆောင်ရန် ပြုလုပ်ဖန်တီးထားသည့် အပန်းဖြေစခန်း၌ နိုင်ငံခြားခရီးသွားများ တိဗက် နွားများ ပျော်ရွှင်စွာ စီးနေကြသည်ကို ဩဂုတ်၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးစနစ်များ ထိုင်းနိုင်ငံရှိ ပြည်နယ် ၅၇ခု၌ တပ်ဆင်သွားမည်

ဗန်ကောက် ဩဂုတ် ၂၃

ထိုင်းနိုင်ငံ ပြည်နယ်၅၇ခုတို့တွင် သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးမှုစနစ်ကို နေရာ ၁၄၄နေရာတွင် တပ်ဆင်မည်ဖြစ်ကြောင်း ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဆောင်ရွက်

ထိုသို့တပ်ဆင်မည့် အစီအစဉ်ကို ထိုင်းနိုင်ငံအမျိုးသား သဘာဝဘေးဒုက္ခဆိုင်ရာဌာနနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးမှုစနစ် ဖွံ့ဖြိုးရေးကော်မတီတို့က တာဝန်ယူကာ ၂၀၀၅-၂၀၀၇ ခုနှစ်ကာလနှစ်နှစ်တာ စီမံကိန်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပထမအဆင့်အနေဖြင့် ထိုင်းနိုင်ငံ အန်ဒါမင်ပင်လယ်ဒေသ ပြည်နယ်ခြောက်ခုတွင် ၇၆ နေရာ၌ တပ်ဆင်ရန် အဆင်သင့်ဖြစ်နေပြီး ဒုတိယအဆင့်အဖြစ် အခြားနေရာ ၄၈ခုတွင် လာမည့် စက်တင်ဘာလကုန်တွင် အပြီးတပ်ဆင်နိုင်ရန် ဆောင်ရွက်မည်ဖြစ်သည်။

တစ်ဖန် တတိယအဆင့်အဖြစ် နောက်ထပ်နေရာ၂၀တွင် တပ်ဆင်မည်ဖြစ်ပြီး ထိုင်းတစ်နိုင်ငံလုံးရှိ ၅၇ ပြည်နယ်တွင် စုစုပေါင်းနေရာ ၁၄၄ နေရာ၌ သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးမှုစနစ်များ တပ်ဆင်သွားမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယ၌ အထည်စက်ရုံမီးလောင် တစ်ဦးသေဆုံး၊ ၁၇ဦးဒဏ်ရာရ

နယူးဒေလီ ဩဂုတ် ၂၃

အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် ဩဂုတ် ၂၀ရက်က အထည်ချုပ်စက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံး လူတစ်ဦးသေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း အင်ဒို-အာရှ သတင်းဌာနက ဩဂုတ် ၂၀ရက်တွင် သတင်းထုတ်ပြန်သည်။

တင်ပို့

မီးလောင်ဒဏ် ခံရသူများကို ဆေးရုံသို့ အလျင်အမြန်တင်ပို့ကာ ဆေးကုသမှုခံယူစေကြောင်း၊ ၁၁ဦး၏ အခြေအနေမှာ စိုးရိမ်ရဖွယ်ရှိကြောင်း အဆိုပါသတင်း၌ ဆက်လက်ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကိုင်ရို-ဘေရွတ် လေကြောင်းခရီးစဉ်ပြန်လည်ပျံသန်း

ကိုင်ရို ဩဂုတ် ၂၃

လက်ဘနွန်နိုင်ငံပိုင် အရှေ့အလယ်ပိုင်းလေကြောင်းလိုင်း (အမ်အီးအေ)သည် အစ္စရေးနှင့်ဟစ်ဇ်ဘိုလာတို့ အပြန်အလှန်တိုက်ခိုက်မှုများကြောင့် ရက်၄၀ကြာ ရပ်ဆိုင်းခဲ့ရသော ကိုင်ရိုနှင့်ဘေရွတ်လေကြောင်းခရီးစဉ်ကို ဩဂုတ် ၂၀ရက်မှစတင်၍ ပြန်လည်ပျံသန်းပြေးဆွဲနေပြီဖြစ်သည်ဟု အီဂျစ်သတင်းဌာန မီနာက သတင်းထုတ်ပြန်လိုက်သည်။

ပြန်လည်ပြေးဆွဲ

ခရီးသည် ၁၄၉ဦးတင်ဆောင်လာသော အမ်အီးအေ လေယာဉ်တစ်စင်းသည် အီဂျစ်နိုင်ငံ ကိုင်ရိုနိုင်ငံတကာလေဆိပ်သို့ ဩဂုတ် ၂၀ရက်က စတင်ပျံသန်းခြင်းဖြစ်သည်။ ယခုကဲ့သို့ လေယာဉ်ခရီးစဉ်အပြင် အခြားလေယာဉ်ခရီးစဉ်များလည်း ပြန်လည်ပြေးဆွဲတော့မည်ဖြစ်ကြောင်း ကိုင်ရိုမြို့ရှိ အမ်အီးအေ၏ ဒေသဆိုင်ရာညွှန်ကြားရေးမှူး မိုဟာမက်အီလ်ဇာဂါဝီက ပြောကြားသည်။

စတင်ရပ်ဆိုင်း

ကိုင်ရိုနှင့်ဘေရွတ်မြို့ လေကြောင်းခရီးစဉ်ကို အစ္စရေးနှင့်ဟစ်ဇ်ဘိုလာတို့ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့သဖြင့် ဇူလိုင်၁၃ရက်မှစတင်ကာ ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

လာမည့်နှစ်၌ ပို့ကုန်မှ ဒေါ်လာ၃၃ဘီလီယံကျော်ရရှိရန် ဗီယက်နမ်နိုင်ငံ မျှော်မှန်းထား

ဟန်နွိုင်း ဩဂုတ် ၂၃

ဗီယက်နမ်နိုင်ငံသည် ပြည်တွင်းထုတ်ကုန်များဖြစ်သော ရေနံစိမ်း၊ အသင့်ချုပ်အဝတ်အထည်များနှင့် ခြေအိတ်များတင်ပို့မှုမှ အမြတ်ငွေ တိုးမြှင့်ရရှိလျက်ရှိရာ ၂၀၀၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၃ဒသမ ၈ဘီလီယံခန့် ရရှိကာ ၁၇ရာခိုင်နှုန်းခန့် တိုးတက်လာမည်ဟု မျှော်မှန်းထားကြောင်း ဗီယက်နမ်စက်မှုလုပ်ငန်းဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ပိုမိုတင်ပို့

ထိုသို့ တိုးမြှင့်နိုင်မှုသည် ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်းပြည်ပပို့ကုန်၏ ၇၆ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း၊ အခြား ကုန်ပစ္စည်းများဖြစ်သော အီလက်ထရွန်နစ်၊ ကွန်ပျူတာနှင့် ကွန်ပျူတာအစိတ်အပိုင်းများ၊ လက်မှုပညာပစ္စည်းများ၊ သစ်သားထည်များနှင့် ပလတ်စတစ်ပစ္စည်းများလည်း ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ဗီယက်နမ်သတင်းဌာနက ဩဂုတ် ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။

သတင်းထုတ်ပြန်

ဗီယက်နမ်နိုင်ငံအနေဖြင့် ရေနံစိမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄ဒသမ၉ ဘီလီယံ၊ အသင့်ချုပ်အဝတ်အထည်နှင့် အထည်လိပ်များ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ၃ဒသမ၄ ဘီလီယံ၊ ခြေအိတ်များတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ဒသမ၁ဘီလီယံ၊ သစ်သားထည်များတင်ပို့မှုမှ ဒေါ်လာ ၁ဒသမ၁ ဘီလီယံ၊ ကွန်ပျူတာနှင့်အီလက်ထရွန်နစ်ပစ္စည်းများတင်ပို့မှုမှ ဒေါ်လာသန်း၉၀၀တို့ရရှိခဲ့ရာ ယင်းမှာ ယခုနှစ် ပထမခုနှစ်လတာ ကာလအတွင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ အထွေထွေစာရင်းအင်းရုံးက သတင်းထုတ်ပြန်သည်။

ဝင်ငွေရရှိ

ထို့ကြောင့် ယခုနှစ် ပထမခုနစ်လတာကာလအတွင်း စုစုပေါင်းပြည်ပပို့ကုန်များမှ ဒေါ်လာ ၂၂ဒသမ ၃ ဘီလီယံ ဝင်ငွေရရှိခဲ့ကြောင်း တိုးတက်မှုမှာ ၂၅ဒသမ၇ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မော်စကိုဈေးအတွင်း ပေါက်ကွဲမှုဖြစ်ပွား

မော်စကို ဩဂုတ် ၂၃

ရုရှားနိုင်ငံ မော်စကိုမြို့ရှိဈေးတစ်ဈေးတွင် ဩဂုတ် ၂၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံးလူခုနစ်ဦးသေဆုံးခဲ့ကြောင်း ရုရှားနိုင်ငံ အရေးပေါ်လုပ်ငန်းများဆိုင်ရာ ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ပြောကြား

ယခုပေါက်ကွဲမှုမှာ အကြမ်းဖက်သမားများ၏ လက်ချက်မဖြစ်နိုင်ကြောင်း၊ ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ရပ်ဖြစ်ကြောင်း ရုရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောကြားချက်ကို အင်တာဖက် သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

သေဆုံး

သေဆုံးသူများတွင် ကလေးငယ်သုံးဦးပါရှိပြီး စုစုပေါင်း ခုနစ်ဦး သေဆုံးသည်ဟု ရုရှားပြည်ထဲရေးဝန်ကြီးဌာနမှ ပြောကြားသော်လည်း မော်စကိုမြို့ ရဲတပ်ဖွဲ့ကမူ သေဆုံးသူကိုးဦးရှိပြီး ၂၅ ဦးဒဏ်ရာရရှိခဲ့သည်ဟု ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့်ဈေး မှာ ချာကီဇိုဗိုဈေးဖြစ်ပြီး လိုကိုမိုတစ် ဘောလုံးကစားကွင်းအနီး၌ တည်ရှိသည့် ဈေးဖြစ်သည်။ ထိုဘောလုံးကွင်းသည် နိုင်ငံတကာ ဘောလုံးပွဲစဉ်များ တစ်ခါတစ်ရံ ကျင်းပသည့်ကွင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကုန်တင်သင်္ဘောကြီး

တရုတ်နိုင်ငံ၏ အကြီးဆုံး ကုန်တင်သင်္ဘောကြီးကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သော တလျံမြို့ သင်္ဘောကျင်းတွင် တည်ဆောက်နေသော ကုန်တင်သင်္ဘောကြီးမှာ အရှည် ၂၇၉ဒသမ ၆ မီတာရှည်ပြီး ပုံမှန်ကုန်တင်သင်္ဘောနှစ်စင်း အရွယ်ပမာဏရှိသည်။ ၎င်း ကုန်တင်သင်္ဘောကြီးသည် မြန်နှုန်းမြင့် မောင်းနှင်နိုင်သည့်အပြင် တရုတ်နိုင်ငံ၌ အကြီးမားဆုံး ကုန်တင်သင်္ဘောကြီးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာ့ အကြီးဆုံးဆိုဖာထိုင်ခုံ

ကမ္ဘာပေါ်တွင် အကြီးဆုံးဆိုဖာထိုင်ခုံကြီးတစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါထိုင်ခုံကြီးကို တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ပရိဘောဂဆိုင်တစ်ဆိုင်အတွက် ပရိဘောဂလုပ်ငန်းတစ်ခုက အထူးပြုလုပ်ပေးထားခြင်းဖြစ်သည်။ ၎င်းဆိုဖာထိုင်ခုံကြီးသည် အရှည် ရှစ်မီတာ၊ အမြင့်သုံးမီတာနှင့် အကျယ် ၃ ဒသမ၂ မီတာရှိကြောင်း အလုပ်သမား ၁၀ ဦးက ၁၀ ရက်ကြာ ပြုလုပ်ခဲ့ရကြောင်း သိရသည်။ **(အင်တာနက်)**

ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနအဆောက်အအုံ နိုင်ငံတော် ကျန်းမာရေးအသုံးစရိတ်နှင့် ဂျပန်အစိုးရတို့ ကူညီမှုဖြင့် ပြုပြင်မွမ်းမံ ရောဂါရှာဖွေဖော်ထုတ်ရေးအပြင် ထိန်းချုပ်ရေးလုပ်ငန်း ပိုမိုဆောင်ရွက်နိုင်မည်

ရန်ကုန် ဩဂုတ် ၂၃

မန္တလေးမြို့ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနရုံး အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ် ၃၅လမ်း၊ ၆၄လမ်းနှင့် ၆၈ လမ်းကြားရှိ အဆိုပါ ရုံးအဆောက်အအုံ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကား ပြောကြားသည်။

ဖဲကြိုးဖြတ်

အစီအစဉ်အရ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ နိုဘိုတာကဲအိုဒါနိုနှင့် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ညွှန့်တို့က မန္တလေးမြို့ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာ ဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဌာနရုံး အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် **(အပေါ်ပုံ)** က ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာ ဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဌာန ဆိုင်းဘုတ်များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ရုံးခန်းမ၌ ကျင်းပရာ တိုင်းမှူးက အမှာစကား ပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ယနေ့နိုင်ငံတော်တွင် အမျိုးသား ကျန်းမာရေးကော်မတီ၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားနီးနွယ်နေသည့် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းမှု၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များ၊ ပြည်သူများ တက်ညီလက်ညီပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မှုများကြောင့် ကျန်းမာရေးလုပ်ငန်းများသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာမြင့်မားတိုးတက်လျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သော ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနရုံးအဆောက်အအုံ အကြီးစားပြုပြင်မွမ်းမံခြင်းကို နိုင်ငံတော် ကျန်းမာရေး အသုံးစရိတ်နှင့် ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့ကူညီမှုများဖြင့်ပြုလုပ်နိုင်ခဲ့မှုကြောင့် မန္တလေးတိုင်းအပါအဝင် အထက်မြန်မာပြည် တစ်ဝန်းရောဂါရှာဖွေဖော်ထုတ်ရေး၊ ထိန်းချုပ်ရေးလုပ်ငန်းများနှင့် အစားအသောက်နှင့် ဆေးဝါးဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးက ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန ရုံးအဆောက်အအုံ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်ထံသို့ အဆောက်အအုံနှင့် ပတ်သက်သောစာရွက်စာတမ်းများကိုလွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မန္တလေးမြို့ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာ ဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဌာနရုံး အဆောက်အအုံသစ်ကို နိုင်ငံတော်ကျန်းမာရေးအသုံးစရိတ်မှ ငွေကျပ် ၁၂၂ သိန်း၊ ဂျပန်နိုင်ငံအစိုးရမှ ထောက်ပံ့ကူညီငွေ FEC ၇၃၄၈၆ ဖြင့် အဆောက်အအုံအကြီးစားပြုပြင်မွမ်းမံခြင်းနှင့် အခြားဆက်စပ်ပစ္စည်းများ ထောက်ပံ့ကူညီခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ လှိုင်မြို့နယ် ၃ ရပ်ကွက် ဓမ္မသုခကျောင်းလမ်း အမှတ် ၁၉၂ နေ ဦးထွန်းကြည်–ဒေါ်ခင်သန်းတင်နှင့် သမီးများ ချစ်ချစ်၊ လဲ့လဲ့၊ ဝါဝါမိသားစုက အလှူငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် ဦးဝိနယ (ဝံသမေဒိနီစာသင်တိုက်)နှင့် အရှင်ဇောတိက (သာသနဓဇ ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ပဲခူးမြို့ ဘုရားကြီးဘူတာလမ်း အမှတ် ၇၄ နေ (ဦးကြာညွှန့်)–ဒေါ်အေးချစ် မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်အာစိဏ္ဏ (သာသနဓဇ ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

တိုက်ကြီးမြို့နယ် မူလတန်းကျောင်းများသို့ စာရေးစားပွဲနှင့် စာသင်ခုံများလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် တိုက်ကြီးမြို့နယ် ဥက္ကံမြို့ရှိ ရွှေကံသာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်က အမှာစကား ပြောကြားပြီး တိုက်ကြီး မြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာများရှိ အခြေခံပညာမူလတန်းကျောင်းများသို့ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံ အစုံ ၁၀၀ ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက လက်ခံသည်။

ထို့နောက် တိုက်ကြီးမြို့နယ် လက်ထောက်ပညာရေးမှူး ဦးကျော်လွင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၄–၈–၂၀၀၆ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အရေးပြိုင်ပွဲ
၈:၀၅ ၇။ အကပဒေသာ
၈:၁၅ ၈။ အတီးပြိုင်ပွဲ
၈:၂၀ ၉။ ကပ်တဲလ်ကြိုးတံတား
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၂၅ ၇။ **"အားနာလိုက်တာ"** မော့စ်၊ ကျော်ဇာနည်လှိုင်၊ နန်းကလျာလှိုင် (ဒါရိုက်တာ–ဓောစန္ဒာလှိုင်)
၁၇:၃၀ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
၁၈:၄၀ ၉။ တေးဂီတအစီအစဉ်
၁၇:၅၀ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၃။ သီရိဂေဟာ
၁၉:၀၀ ၁၄။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)
၁၉:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်လိပ်ပြာလေး တဝဲလည်လည်"** (အပိုင်း–၁၇)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာသံစဉ်"** (အပိုင်း–၁၃)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

တောင်ဝင်ရိုးစွန်းမှ အိုဇုန်းလွှာအပေါက် အခြေအနေ ထိန်းသိမ်းနိုင်ပြီ

တောင်ဝင်ရိုးစွန်းဒေသ ကမ္ဘာ့လေထု၏ အိုဇုန်းလွှာအပေါက်မှာ ဆက်လက်မကျယ်ပြန့်တော့ဘဲ ရပ်ဆိုင်းသွားပြီဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုမှ ထိပ်တန်းသိပ္ပံပညာရှင်များက ပြောကြားသည်။



အန္တရာယ်မဖြစ်တော့

ကမ္ဘာ့လေထု၏ အိုဇုန်းလွှာသည် နေကထုတ်လွှတ်သည့် ခရမ်းလွန်ရောင်ခြည်ကို ကာဆီးထားခြင်းဖြစ်၍ လူသားထု၊ တိရစ္ဆာန်များနှင့် အပင်များအတွက် အန္တရာယ်မဖြစ်တော့ချေ။

အိုဇုန်းလွှာအပေါက်ကြီးကို ၁၉၈၆ ခုနှစ်တွင်တွေ့ရှိပြီးနောက် စီအက်ဖ်စီခေါ် အိုဇုန်းလွှာ ပျက်ယွင်းပါးလျားစေသည့် ဓာတုပစ္စည်းများ အသုံးမပြုကြရန် နိုင်ငံတကာ သဘောတူစာချုပ်များ ချုပ်ဆိုခဲ့သည်။

မှန်းဆတွက်ချက်

အဆိုပါ အိုဇုန်းလွှာအပေါက်ကြီး လာမည့် နှစ် ၆၀ တွင် ပျောက်ကွယ်သွားမည်ဟု သိပ္ပံပညာရှင်များက တွက်ချက်မှန်းဆထားကြသည်။

(ကိုးကား–အင်တာနက်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

တောင်ငူနှင့် မဒေါက်မြို့၏ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၂၃

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် စင်တီမီတာ ၆၄၀ နှင့် ၁၁၁၅ စင်တီမီတာသို့ ရောက်ရှိနေကြသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့တို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀ နှင့် စင်တီမီတာ ၁၀၇၀ အထက်တွင် အသီးသီး ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ယနေ့ထုတ်ပြန်သည်။ (မြန်မာ့အလင်း)

အမှာစကားပြောကြား

ကမ္ဘာ့တုပ်ကွေး ကပ်ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ကုသနှိမ်နင်းရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး အမှာစကားပြောကြားစဉ်။

(ကျန်းမာရေး)

ပင်လောင်းမြို့နယ် ဆောင်းပြောင်းကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ရှင်းလင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရှမ်းပြည်နယ်(တောင်ပိုင်း) နယ်မြေတာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ပြည်နယ်အသင်း အတွင်းရေးမှူး ဦးဉာဏ်လင်း လိုက်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ဆောင်းပြောင်းကျေးရွာအုပ်စုသို့ ဩဂုတ် ၂၀ရက် ညနေပိုင်းတွင် ရောက်ရှိပြီး ပရိယတ္တိစာသင်တိုက် ကျောင်းထိုင်ဆရာတော် ဦးဝီရိယဓမ္မနှင့် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ဆောင်းပြောင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစု၊ အစိတ်ခေါင်းဆောင်များ၊ အသင်းဝင်များ၊ ရွာသူ ရွာသား အင်အား ၇၀၀ ကျော်အား တွေ့ဆုံ၍ ဒေသခံပြည်သူများအနေဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့နှင့်အတူ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးရေးကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

အသင်းဝင်များအားတွေ့ဆုံ

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ပင်လောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိပြီး ပင်လောင်းမြို့နယ်အသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အစု၊ အစိတ် ခေါင်းဆောင်များ၊ အသင်းဝင်များအားတွေ့ဆုံ၍ အသင်းလုပ်ငန်းဆိုင်ရာများ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ တုပ်ကွေးကပ်ရောဂါဖြစ်ပွားပါက ဆားစ်ရောဂါထက် သေဆုံးမှုများပြားနိုင်ဖြစ်ပွားမှုကာကွယ်နိုင်ရန် ညှိနှိုင်းတိုင်ပင်ရေး အစည်းအဝေးခေါ်ယူ ဝန်ကြီးဌာနတိုင်း အမျိုးသားရေးအသွင်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၃

ကမ္ဘာ့တုပ်ကွေးကပ်ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ကုသနှိမ်နင်းရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဝိုင်းဝန်းပူးပေါင်း

ရှေးဦးစွာ လူတွင်ဖြစ်ပွားတတ်သော ကြက် ငှက် တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာ့တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ပြင်ဆင်မှုအတွက် ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား အစည်းအဝေးခေါ်ယူရခြင်း ဖြစ်ကြောင်း၊ ယခင်ကလည်း ဌာနပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံသို့ ဆားစ်ရောဂါဖြစ်ပွားကူးစက်မှု မရှိအောင် ကာကွယ်နိုင်သည့် အောင်မြင်မှုရရှိခဲ့ကြောင်း၊ ကမ္ဘာ့တုပ်ကွေးကပ်ရောဂါဖြစ်ပွားပါက ဆားစ်ရောဂါထက် ကူးစက်ဖြစ်ပွား/သေဆုံးမှု များပြားနိုင်ကြောင်း၊ ထိုကပ်ရောဂါ ဖြစ်ပွားမှု ကာကွယ်နိုင်ရန်အတွက် ညှိနှိုင်းတိုင်ပင်ရန် အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအသီးသီးတွင် ကပ်ရောဂါဖြစ်ပွားမှုမှ ကာကွယ်ရန်အတွက် စီမံချက်များ ကြိုတင်ရေးဆွဲထားရမည် ဖြစ်ကြောင်း၊ ကမ္ဘာ့တုပ်ကွေး ကပ်ရောဂါဖြစ်ပွားမှုမှ ကာကွယ်ရန်မှာ ဝန်ကြီးဌာနတိုင်းမှ အမျိုးသားရေးအသွင်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က International Coordination & Logistics and Supply Subcommittee ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွန့်စိန်က ကမ္ဘာ့တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနများမှ ကဏ္ဍအလိုက် ဆောင်ရွက်ရန်လုပ်ငန်းများကို လည်းကောင်း တင်ပြဆွေးနွေးကြသည်။

တင်ပြဆွေးနွေး

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာသော ဝန်ကြီးဌာနအသီးသီးနှင့် အသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးဆုံးဖြတ်ချက်များကိုချမှတ်ကြသည်။ ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ကမ္ဘာ့တုပ်ကွေး ကပ်ရောဂါ ဖြစ်ပွားကူးစက်မှုမရှိအောင် ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနပေါင်းစုံနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်း ပါဝင်ဆောင်ရွက်မှုသည် အထူးအရေးကြီးကြောင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီ ဆောင်ရွက်မှုများကိုလည်း ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို အားလုံး ပူးပေါင်းကူညီ ဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေမြိုင် အရှင်ဝိလာသ ဝါတွင်းတရားပွဲများ

ရန်ကုန် ဩဂုတ် ၂၃

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် ဇေယျမေဒနီစာသင်တိုက် နာယက စာချ ဓမ္မကထိက ဆရာတော် ရွှေမြိုင်အရှင်ဝိလာသအရှင်သူမြတ်သည် တော်သလင်းလဆန်း ၈ ရက် နံနက် ၈ နာရီတွင် ပေါင်မြို့နယ် အလုပ်ရွာ ကန်ဦးကျောင်း ဓမ္မာရုံ၌လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် မော်လမြိုင်မြို့ ကျိုက်သလွံစေတီ ပဋ္ဌာန်းဓမ္မာရုံ၌လည်းကောင်း၊ တော်သလင်းလပြည့်နေ့နှင့် လပြည့်ကျော် ၈ ရက်များတွင် ကံဦးကျောင်းတိုက်၌လည်းကောင်း၊ တော်သလင်းလကွယ်နေ့တွင် မော်လမြိုင်မြို့ မြို့ပေါက်ဝ မဟာသတိပဋ္ဌာန်ရိပ်သာ ဇောခိပက္ခိယ ဓမ္မာရုံ၌လည်းကောင်း၊ သီတင်းကျွတ်လဆန်း ၈ ရက်တွင် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် ဇေယျမေဒနီစာသင်တိုက်၌လည်းကောင်း၊ သီတင်းကျွတ်လပြည့်နေ့တွင် မော်လမြိုင်မြို့ မဓာဝီ ကျောင်းတိုက်၌လည်းကောင်း သတိပဋ္ဌာန် ဝိပဿနာ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၃

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင်များ၏ ဆဋ္ဌမအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီက မင်္ဂလာဒုံမြို့ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲရှိ ကဇာတ်ခန်းမ၌ကျင်းပသည်။ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး၊ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်၊ ကျောင်းများမှ တပ်မှူးများနှင့် ကျောင်းအုပ်ကြီးများ၊ ယဉ်ကျေးမှုတက္ကသိုလ်(မင်္ဂလာဒုံ)နှင့် အနုပညာဦးစီးဌာန(မင်္ဂလာဒုံ)တို့မှ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင် စစ်သည်နှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများနှင့် အနုပညာဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ဖဲကြိုးဖြတ်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် ပထမနေ့ပြိုင်ပွဲများကိုစတင်ကျင်းပရာ ခေတ်ဟောင်းတေး(အမျိုးသား၊ အမျိုးသမီး)နှင့် ကာလပေါ်တေး(အမျိုးသား)ပြိုင်ပွဲတို့ ယှဉ်ပြိုင်ကြပြီး ညပိုင်းတွင် အငြိမ့်ပြိုင်ပွဲများ ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ကျော်ဖုံးမှ

လပွတ္တာမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုး မဟုတ်ဘဲ တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့် လုပ်ရပ်များကို ရှေးရှုလုပ်ဆောင်နေကြောင်း၊ ထို့ကြောင့် NLD ပါတီအပေါ် စိတ်ပျက်လာပြီး NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့၍ ၎င်းတို့၏ သဘောဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

❒ ကျော်ဖုံးမှ

အဆိုပါ ရန်ကုန်-မန္တလေး ဈေးသဘော်ကြီးကို နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပြေးဆွဲရခြင်းဖြစ်ပြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများမှ မိမိတို့ဒေသ၌ပင် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်စေရန်အတွက် ရည်ရွယ်ပြေးဆွဲရခြင်းဖြစ်၍ ခရီးစဉ်တစ်လျှောက်ရှိ မြို့၊ ရွာ ဒေသများသို့ ညအိပ် ဆိုက်ကပ်ရပ်နားပြီး ဈေးရောင်းချပေးသွားမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး တက္ကသိုလ်ဝင်စာမေးပွဲ၌ ရန်ကုန်တိုင်းမှ ထူးချွန်စွာအောင်မြင်သူများအားဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းမှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက မင်္ဂလာရှိသော မင်္ဂလာနေ့သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်၊ စည်းကမ်းထိန်းသိမ်းရေး ဌာနကြီးမှူးဒေါ်မြသီဂီ၊ ဘဏ္ဍာရေး ဌာနကြီးမှူး ဒေါ်အေးအေးနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်ခင်မိမိတို့က ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၅၈ကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသူ ၂၈၃ဦးအား ဂုဏ်ပြုဆုနှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ဆုရကျောင်းသူများကိုယ်စား လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မဖြူဝင်းသော်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက်အခြေခံပညာကျောင်းသူလေးများက ပညာထူးချွန်လူရည်မွန် သီချင်းကိုသီဆို၍ ဂုဏ်ပြုနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းမှ ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသူများအား ဂုဏ်ပြုဆုနှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းမှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသူများအား ဂုဏ်ပြုပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၈၂) နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏ တစ်လ နှစ်ကြိမ် ကျင်းပအပ်သော ဝါတွင်းကာလ တရားစခန်းပွဲ စတုတ္ထပတ်အဖြစ် တော်သလင်းလဆန်း ၆ ရက်မှ ၁၅ရက် (ဩဂုတ် ၂၈ရက် မှ စက်တင်ဘာ ၆ ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးမှ အောင်စကြာ အရှင်စန္ဒသိရီ(ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း–၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ–ထိုင်းနယ်စပ်ရှိ မြဝတီတွင် အထူးစီးပွားရေးဇုန်တည်ဆောက် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေးရည်ရွယ် လုပ်ငန်းဆောင်ရွက်ရေးအခြေအနေများ လေ့လာသိရှိရန်ဆွေးနွေးညှိနှိုင်း

ရန်ကုန် ဩဂုတ် ၂၃

ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်)လုပ်ငန်းကော်မတီအောက်တွင် မြန်မာ–ထိုင်း နှစ်ဦးနှစ်ဖက် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာ–ထိုင်းနယ်စပ်ရှိ မြဝတီမြို့၌ အထူးစီးပွားရေးဇုန်တည်ဆောက်၍ Contract Farming စနစ်ဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ရေးတွင်ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို လေ့လာသိရှိရန် ထိုင်းနိုင်ငံ တက်ခဲပြည်နယ်မှ Vice Governor Mr. Cherdsak Chusri ဦးဆောင်သော တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာလမ်းသွယ်ရှိ မြန်မာ့နှစ်ရှည်ပင် လုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမဆောင်၌ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်ဝင်း ဦးဆောင်သောအဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းကြသည်။

ပူးပေါင်းဆောင်ရွက်

ရှေးဦးစွာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအခြေအနေများ၊ ရာသီဥတုအခြေအနေ၊ မြေအသုံးချမှု၊ စိုက်ပျိုးထားသော သီးနှံများ၊ အထွက်နှုန်းနှင့် ထုတ်လုပ်မှုအခြေအနေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေနှင့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားများနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုလည်းကောင်း၊ အက်မက်စ်လုပ်ငန်းအောက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ကွန်ပျူတာ Power Point ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးပြီး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Cherdsak Chusri နှင့် အဖွဲ့ဝင်များက သိရှိလိုသည်များ ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းဆွေးနွေး

ဆွေးနွေးချက်များနှင့်ပတ်သက်၍ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တက်ရောက်လာသည့် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဆွေးနွေးပွဲတွင် မြန်မာ–ထိုင်း နှစ်နိုင်ငံနယ်စပ်ရှိ မြဝတီ၊ တာချီလိတ်၌ ဝင်ငွေရ သီးနှံများကို ကန်ထရိုက်လယ်ယာစနစ် (Contract Farming System) ဖြင့် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ပြီး လိုအပ်သော စည်းမျဉ်းစည်းကမ်းများနှင့်အညီ သင့်တော်သော စီမံကိန်းတစ်ရပ်ချမှတ်၍ လောလောဆယ်တွင် Pilot Project အဖြစ် စတင်ဆောင်ရွက်ရန်နှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက္ကလော့ မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၃

မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလော့စေတီတော် အနီးရှိ ကျိုက္ကလော့ ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ ဦးစီး၍ မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲကို ဩဂုတ် ၂၇ရက်မှစ၍ ကျင်းပသွားမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်လိုသူ ယောဂီများ ဩဂုတ် ၂၆ရက် ညနေ ၅နာရီ အရောက်လာရောက်ကြရန်နှင့် ဆွမ်း၊ အချိုပွဲ၊ အအေး လှူဒါန်းလိုသူများ ဖုန်း–၆၃၅၆၃၂သို့ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဆေးပဒေသာပင်အလှူငွေကျပ်သိန်း ၁၀၀ နေပြည်တော်အထွေထွေရောဂါကုဆေးရုံသို့လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၃

ကျန်းမာရေးဝန်ကြီးဌာန နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၃၀၀)အတွက် ဆေးပဒေသာပင်အလှူငွေ ကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီက နေပြည်တော်ရှိ အဆိုပါဆေးရုံ၌ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်တင်လင်းမြင့်၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသူများနှင့် ဆေးရုံမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် အလှူရှင်ဦးချစ်ခိုင် (မန်နေဂျင်းဒါရိုက်တာ ဒေဝ်ကုမ္ပဏီ)က အလှူငွေလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး ဆေးပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်းက လက်ခံပြီး**(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောဖုံးမှ

တည်ဆောက်ရေး(၂)ညွှန်ကြားရေးမှူး ဦးတင်မောင်အုန်းက စီမံကိန်း၏ အဓိက လုပ်ငန်းကြီးများဖြစ်သော ပင်မတာမံ၊ ရေထုတ်ပြွန်နှင့် ရေပိုလွှဲ တည်ဆောက်ရန် ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်နှင့် စူးစမ်းလေ့လာ တွေ့ရှိချက်များ၊ တမံတည်ဆောက်ရန် အောက်ခြေမြေသား ရှင်းလင်းမှုရေကူ အထောက်အကူပြု ပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက နွေနှင့် မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး ဤဒေသအတွင်း ဆည်ရေရရှိနိုင်အောင်၊ ရေပေးဝေနိုင်သည့်လုပ်ငန်းကို ဆောင်ရွက်ပေးရန်နှင့်ပေးနိုင်သည့် လအလိုက် ရေပမာဏကို လေ့လာမှုပြုရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် စည်သာ ရေကူရေလှောင်တမံတည်ဆောက်မည့် ပင်မတာမံနေရာနှင့် ရေထုတ်ပြွန်နေရာ အောက်ခြေမြေသား ရှင်းလင်းထားမှု၊ ချောင်းဧရိယာတွင် ဘူမိဗေဒ မြေသားစမ်းသပ်မှု၊ ရေဝပ်ဧရိယာတို့ကို ကြည့်ရှုစစ်ဆေးသည်။

စည်သာ ရေကူရေလှောင်တမံ စီမံကိန်းသည် နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ၁၅၀၀၀ကေပေရှိသည့် စည်သာချောင်းပေါ်၌ မြေသားတမံတည်ဆောက်၍ ရေသိုလှောင်ကာ စည်သာရေလှောင်တမံ၏ ရေဝင်မှုကိုအထောက်အကူပြုပေးမည်ဖြစ်သည်။ ဒေသတွင်း စိမ်းလန်းစိုပြည်မှုနှင့် ရတနာပုံမြို့သစ် အတွက် ရေပေးဝေနိုင်မည် ဖြစ်သည်။

ပိုးစာပင်စိုက်ပျိုးမှုရှင်း

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ပြင်ဦးလွင်မြို့ ဒိုးကွင်းရှိ ပိုးချည်စက်ရုံသို့ရောက်ရှိရာ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာပြေတင်က ပိုးစာပင်စိုက်ပျိုးမှု၊ ပိုးမွေးမြူမှု၊ ပိုးချည်ထုတ်လုပ်မှု၊ ပိုးအိမ်ဝယ်ယူရရှိမှုနှင့် ပြည်တွင်းပြည်ပဈေးကွက် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ပိုးမွေးမြူသည့် တောင်သူများ ဝင်ငွေရရန် ဈေးကွက်ရှာဖွေရေး၊ ထုတ်လုပ်မှုတိုးချဲ့ရေး မှာကြားသည်။

ထို့နောက် ပိုးချည်ရစ်ဌာန၊ ပိုးအိမ်ပြုတ်သည့်ဌာန၊ ပိုးအိမ်ရွေးခန်း၊ ဘေးထွက်ပစ္စည်းများဖြစ်သည့် ဆေးဝါး၊ မွေ့ရာထုတ်လုပ်မှုနှင့် ပိုးစာပင် စိုက်ခင်းတို့ကို ကြည့်ရှုသည်။

တီထွင်ကြံဆ

ဝန်ကြီးသည် စက်ရုံမှူးနှင့်ဝန်ထမ်းများအား အရည်အသွေးကောင်းရရှိအောင် တီထွင်ကြံဆ ဆောင်ရွက်ကြရန်နှင့် ဖြစ်ထွန်းသော ဒေသများတွင် တောင်သူများ ဝင်ငွေကောင်းရရှိအောင်၊ ပိုးချည်သာမက ပိုးအိမ်နှင့် ဘေးထွက်ပစ္စည်းအသုံးချ ဝင်ငွေရရှိမှုကို နည်းပညာပေးကြရန် မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ ကန်တော်ကြီးအနီးရှိ မျိုးပိုးဥ ထုတ်လုပ်ရေးခြံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တာဝန်ခံက ပိုးမွေးမြူရေး လုပ်ငန်းအတွက် မျိုးပိုးဥနှင့် ပိုးအိမ်များကို ပြည်တွင်းနှင့် ပြည်ပမျိုးများမှ မျိုးသန့်ရအောင် ရွေးချယ်ပြီး မွေးမြူကာ တောင်သူများဖြန့်ဝေမှု၊ ပြည်ပနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

မျိုးပိုးဥကြည့်ရှု

ထို့နောက် ဝန်ကြီးသည် ထုတ်လုပ်သော မျိုးပိုးဥ အဆင့်ဆင့်ကို ကြည့်ရှုသည်။

ဝန်ကြီးသည် ပိုးမွေးမြူရာမှ ရရှိသည့် ပိုးကောင်ခြောက် ထုတ်လုပ်ရေးလုပ်ငန်းကို ကြည့်ရှုရာ တာဝန်ရှိသူများက ပိုးစာပင်စိုက်ပျိုးမှု၊ ပိုးမွေးမြူပိုးချည်ထုတ်လုပ်မှုမှ ဝင်ငွေသာမက ပိုးစာရွက်နှင့် ပိုးကောင်ခြောက်ထုတ်လုပ်၍ ဝင်ငွေရရှိမှု၊ ပိုးကောင်ခြောက် အသုံးဝင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် ၁၉၇၂ ခုနှစ်က ခြံအတွင်း စိုက်ပျိုးဖြစ်ထွန်း ပွင့်သီးနေသည့် တန်းဆီပင်များ တန်းဆီအသီး၊ အစေ့နှင့်ထုတ်ယူရရှိသောဆီတို့ကို ကြည့်ရှုခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အောင်သပြေကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ သံရုံး စီးပွားရေးသံမှူး Mr. Oh Jae Ho တို့ ပျဉ်းမနားမြို့ အောင်သပြေကုမ္ပဏီလီမိတက်၏ အရောင်းခန်းမကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အောင်သပြေကုမ္ပဏီလီမိတက် အရောင်းခန်းမဖွင့်

နေပြည်တော် ဩဂုတ် ၂၃

အောင်သပြေကုမ္ပဏီလီမိတက်၏ ဖယောင်းပုဆိုး၊ ကော်ဇောအမျိုးမျိုး၊ လယ်ယာလုပ်ငန်းခွင်သုံး မိုးရေကာဖျင်အမျိုးမျိုးနှင့် အခင်းမျိုးစုံရောင်းဝယ်ရေး အရောင်းခန်းမဖွင့်ပွဲကို ဇူလိုင်၂၆ရက် နံနက်၉နာရီက ပျဉ်းမနားမြို့ မင်္ဂလာရပ်ဗိုလ်ချုပ်လမ်း အမှတ် (၆/၉)၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့်အဖွဲ့ဝင်များ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ အောင်သပြေကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွန်းနှင့် ကိုရီးယားသမ္မတနိုင်ငံသံရုံး စီးပွားရေးသံမှူး Mr. Oh Jae Ho တို့က အရောင်းခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

လက်လီလက်ကား

အောင်သပြေ ကုမ္ပဏီလီမိတက်မှ အိမ်သုံး၊ရုံးသုံး၊ကျောင်းသုံးဖယောင်းပုဆိုး၊ကော်ဇောအမျိုးမျိုးနှင့် လယ်ယာလုပ်ငန်းသုံး မိုးရေကာဖျင်နှင့် အခင်းမျိုးစုံတို့ကို ရန်ကုန် ကုမ္ပဏီပင်ရင်းဈေးအတိုင်း ဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။ မကြာမီ နေပြည်တော် မြို့မဈေးတွင်လည်း ဆိုင်ခွဲတိုးချဲ့ဖွင့်လှစ်ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

လှိုင်မြို့နယ် လူသတ်မှုတရားခံများ ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၁၁)ရပ်ကွက် မြရတနာလမ်းနေ ဦးအောင်ဇော်(၃၅)နှစ် (ဘ)ဦးလှမောင်သည် ဩဂုတ်၂ရက် ည၉နာရီတွင် ဆိုင်ကယ်ဖြင့် အိမ်သို့အပြန် ရွှေဟသာလမ်းအရောက်၌ လူတစ်ဦးက ဓားဖြင့်ခုတ်ပြီး ကားတစ်စီးဖြင့် ထွက်ပြေးသွားခဲ့သည်။ ဦးအောင်ဇော်မှာ ရရှိသောဒဏ်ရာဖြင့် ရန်ကုန်ဆေးရုံကြီး၌ သေဆုံးသွားခဲ့၍ လှိုင်ရဲစခန်းက အမှုဖွင့်ပြီး တရားခံများ ဖော်ထုတ်ဖမ်းဆီး ရမိရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့သည်။

နေထိုင်

သေဆုံးသူ ဦးအောင်ဇော်မှာ လူပျိုဖြစ်ပြီး မိဘများနှင့်အတူနေထိုင်ကာ ရွှေမောင်းအမည်ဖြင့် တိုင်းရင်းမြန်မာဆေးခန်းဖွင့်ထားသူဖြစ်ကြောင်း သိရှိရသည်။

စုံစမ်းဖော်ထုတ်ချက်အရ မမြင့်မြင့်အေး(ခ)မပြားကြီး(၄၀)နှစ် ဝက်သတ်လုပ်ငန်း(ဘ) ဦးတိုးမောင် အမှတ်(၅)ရပ်ကွက် ကမာရွတ်နေသူအား ဩဂုတ်၁၆ရက်တွင် ဖမ်းဆီးနိုင်ခဲ့ပြီး မမြင့်မြင့်အေး၏ ထွက်ဆိုချက်အရ ၂၀၀၆ခုနှစ် ဧပြီလတွင် ဖိုးအော်(ခ) အောင်မြတ်စိုး(၃၂)နှစ်(ဘ)ဦးသောင်း အမှတ်(၆၄) ရွာမကျောင်းလမ်း (၁၂)ရပ်ကွက် လှိုင်မြို့နယ်နေသူက ဦးအောင်ဇော်၏ လက်ကို ဖြတ်ပေးရန်အတွက် အခကြေးငွေပေး၍ ခိုင်းစေခဲ့ကြောင်း၊ မမြင့်မြင့်အေးက ဝက်သတ်ရုံ၌ အလုပ်လုပ်သော ဝက်သတ်လုပ်သား မြင့်စိန်(၄၀)နှစ် (ဘ) ဦးတင်ငွေ ဗိုလ်အောင်ကျော်လမ်း (၁/၁၃)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူအား ဦးအောင်ဇော်၏ လက်ကို ဖြတ်ရန်ငွေပေး၍ ထပ်ဆင့်ခိုင်းစေခဲ့ကြောင်း မြင့်စိန်က ဦးအောင်ဇော်ကို ဩဂုတ်၂ရက်တွင် သတ်ဖြတ်ပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း သိရှိရသည်။

ပူးပေါင်းဆောင်ရွက်

ရဲတပ်ဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် လူသတ်တရားခံ မြင့်စိန်အား ဩဂုတ် ၁၆ ရက်တွင် လှိုင်သာယာမြို့နယ်၌ လည်းကောင်း၊ လူသတ်မှုအားနောက်ကွယ်မှ စီမံ၍ ငွေပေးစေခိုင်းခဲ့သူ ဖိုးအော်(ခ)အောင်မြတ်စိုးအား ပဲခူးမြို့နယ် ဘုရားလေးကျေးရွာ ကျောက်တန်းရပ်ကွက်၌ ဩဂုတ်၁၈ရက်ညတွင် လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ရက်သတ္တနှစ်ပတ်

ယင်းသို့ ပြစ်မှုကျူးလွန်သူ တရားခံများအားလုံးကို မှုခင်းဖြစ်ပွားပြီး ရက်သတ္တနှစ်ပတ်အကြာတွင် ဖမ်းဆီးရမိနိုင်ခဲ့ကာ တရားခံများအား ထိရောက်သောပြစ်ဒဏ်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိတ်ဖောက်ပြန်ပြီး လူသတ်မှုကျူးလွန်သူအား ၃၆နာရီအတွင်း တရားခံအားဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၃

ပဲခူးမြို့ ဥသျှောင်မြို့သစ်(၂)ရပ်ကွက်ရှိ ဓမ္မစေတီနန်းဦးဘုန်းကြီးကျောင်း "ဘ"ဘုရားဝင်း၌ တရားစခန်းဝင်နေသူ စေတုတ္တရာမြို့ တောင်ခေတ္တရာ(၂)ရပ်ကွက်နေ မြင့်ကြည်(ခ)ခန့်သူ(၄၁)နှစ် (ဘ) ဦးသောင်းညွန့်သည် ဩဂုတ်၁၇ရက် နံနက်ပိုင်းက တရားစခန်းဝင်နေကြသည့် ဦးချစ်လှိုင်(၈၆)နှစ်၊ ဦးသာခင်(၈၅)နှစ်နှင့် သီလရှင် ဒေါ်အေးသီဂိ(ခ)ဒေါ်အုန်း(၅၅)နှစ် တို့အား ငှက်ဖျားရောဂါကြောင့် စိတ်ဖောက်ပြန်ပြီး ပေါက်ပြားဖြင့် လိုက်လံခုတ်သတ်ကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

သတင်းပို့ရှာဖွေ

သတင်းရလျှင်ရချင်း တရားခံဖမ်းဆီးရမိရေးအတွက် မြို့ဝင်မြို့ထွက်ဂိတ်များ၊ ဆက်စပ် ပြည်နယ်နှင့်တိုင်းများသို့ သတင်းပို့ရှာဖွေခဲ့ရာ ဩဂုတ် ၁၈ ရက် ညနေပိုင်းတွင် ရန်ကုန်-ပဲခူးကားလမ်း အင်းတကော် ရဲစခန်းရှေ့၌ မြင့်ကြည်(ခ)ခန့်သူအား ဒုတိယရဲအုပ်ဇော်နိုင်အောင် ဦးစီးအဖွဲ့က စစ်ဆေးရာမှ ၃၆နာရီအတွင်း တရားခံအား ဖမ်းဆီးရမိခဲ့သည်။

ရိုက်နှက်

တရားခံ၏ ထွက်ဆိုချက်အရ ၂၀၀၆ခုနှစ် ဧပြီလတွင် ဓမ္မစေတီနန်းဦးကျောင်းသို့ရောက်ရှိကာ သေဆုံးသူ ဦးချစ်လှိုင်နှင့် တစ်ခန်းတည်း အတူနေထိုင်ခဲ့ကြောင်း၊ ဝေယျာဝစ္စများနေ့စဉ် ပင်ပန်းကြီးစွာ လုပ်ကိုင်ပေးခဲ့သော်လည်း အပြစ်ရှာပြီး မကောင်းသတင်းကိုသာ ပြောဆို၍ ရိုက်နှက်ကြောင်း၊ သေဆုံးသူ သုံးဦးတို့၏ ပြောဆိုဆက်ဆံမှုများကြောင့် စိတ်ဆင်းရဲကာ ရူးသွပ်သကဲ့သို့ခံစားရကြောင်း၊ မခံမရပ်နိုင်အောင် ဒေါသဖြစ်ခဲ့ရာမှ ယင်းသို့ ပြစ်မှုကျူးလွန်ခြင်းဖြစ်ပြီး အင်းတကော်သို့ ထွက်ပြေးတိမ်းရှောင်လာစဉ် အဖမ်းခံရခြင်းဖြစ်ကြောင်းသိရှိရသည်။

အဆိုပါ တရားခံအား ဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောဖုံးမှ

မွေးမြူရာတွင် အိန္ဒိယမျိုး၊ ဥရောပမျိုးနှင့် မြန်မာတီကောင်မျိုးနှစ်မျိုး စုစုပေါင်းတီကောင်အမျိုးအစား လေးမျိုးရှိသည်။ မွေးသည့်ကန်ငယ်မှာ အလျား ကိုးပေ၊ အနံ သုံးပေ၊ အမြင့် နှစ်ပေခွဲရှိရသည်။ အောက်ဆုံးအလွှာကို အုတ်ခဲကျိုးခြောက်လက်မ၊ နွားချေးခြောက်လက်မခင်းပြီး ထပ်မံ၍ ငှက်ပျော၊ ဗေဒါ၊ အရွက်၊ စွန့်ပစ်အမှိုက်ဆွေးတို့၊ ဖြတ်စခြောက်လက်မခင်းပြီး နွားချေးခြောက်လက်မ ထပ်ဖုံးကာ တီကောင် အကောင်ရေ ၁၀၀၀ဖြင့် စတင်မွေးရသည်။ လိုအပ်သော အစာများ ထပ်ဖြည့် ကျွေးရသည်။ ငှက်ပျောပင်အစိတ်အပိုင်းများ ပိုကြိုက်သည်ဟုသိရသည်။

တစ်နှစ်ကြာပါက တီကောင် တစ်သန်းရရှိကာ တစ်လလျှင် တီကောင်စွန့်ပစ်သြဂဲနစ်သဘာဝမြေဩဇာ တစ်တန်နှင့် ရွက်ဖျန်းမြေဩဇာအရည်အဖြစ် သုံးနိုင်သော စွန့်ပစ်ရည် ၁၂ ဂါလန်ရရှိသည်။ ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် ပက်ဖျန်းပေးက ကောင်းမွန်သည်။ နည်းပညာနှင့် တီကောင်မျိုးရရှိရေးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပံ့ပိုးဖြန့်ဖြူးပေးလျက်ရှိသည်။

စီးပွားဖြစ်

တီကောင်စွန့်ပစ် မြေဩဇာသည် အရင်းအနှီးနည်းပြီး မွေးမြူမှုလွယ်ကူစွာဖြင့် ထုတ်လုပ်ရရှိနိုင်သည်။ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်မှုမှ စီးပွားဖြစ်ဥယျာဉ်ခြံများအထိ သုံးနိုင်သည်။ တောင်ပေါ်ဒေသများတွင် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းသဘာဝမြေဩဇာအဖြစ် တီကောင်မွေး၍ စရိတ်သက်သာစွာရနိုင်သည်။ ပြင်ဦးလွင်မြို့နယ်ရှိ ကော်ဖီခြံများတွင် အသုံးပြုနေပြီကို တွေ့မြင်ခဲ့ရပါကြောင်း တင်ပြရပါသည်။ ။

(မြန်မာ့အလင်း)

တီကောင်မွေးမြူရေးလုပ်ငန်းကို ဤသို့တွေ့ရသည်။

မြန်မာ့တိုင်းရင်းဆေးအကြောင်း တစေ့တစောင်း

အောင်ကျော်ဆန်း(MRCS)

"လေညှင်းထန်
မြစ်ယံက တိုး---။
ရှိန်းခို တောင်ကြာဦး
ကျူးဆင်ချိုမိုး---။"

မိုးဘွဲ့ ကဗျာကလေးတစ်ပုဒ်ကို လှပစွာ ဖွဲ့နွဲ့ထားသည်ဟု စာဖတ်သူတို့ ထင်ကောင်းထင်နိုင်ကြပါသည်။ စင်စစ် မိုးဘွဲ့ ကဗျာတစ်ပုဒ် မဟုတ်ပါ။ အလောသုံးဆယ် ဖတ်မိသဖြင့် ကဗျာလေး တစ်ပုဒ်ဟု ထင်မှတ်မှားစရာ မြန်မာ့ဆေးအမယ် တစ်စုသာဖြစ်ပါသည်။ ယင်းတို့မှာ **"လေးညှင်း၊ ထန်းမြစ်၊ ယမ်း၊ ကတိုး၊ ရှိန်းခို၊ တောင်ကြာဉ၊ ကျူ၊ ဆင်ချေးမှို"** တို့ဖြစ်ကြပါသည်။

မြန်မာ့သမားတော်ကြီးများ၏ ကုထုံးများမှာ လွန်စွာပညာသားပါ၍ စိတ်ဝင်စားဖွယ် ကောင်းလှသည်။ မေတ္တာ၊ ကရုဏာ၊ အကြင်နာ၊ စေတနာတို့ဖြင့် လူနာအား ပြုစုယုယ ကုသခြင်းသည်ပင်လျှင် အခြားခေတ်မီဆေးကုထုံးများ တုမမီနိုင်သော ပညာရပ်ဟု ဆိုချင်ပါသည်။ **"ကတိုးရယ်တဲ့ ဖုံးမသိန် ကျောက်ပျဉ်မှာ အသာသွေးလို့ရယ်၊ တစ်ရွေးစီတဲ့ ခပ်ကာချိန်"** ၄င်းမှာ နူးညံ့သိမ်မွေ့သော "စိတ်ဝေဒနာရှင် ကုထုံးတစ်ရပ်" ဖြစ်ပါသည်။ "လူနာကို ဆေးမပေး၊ တေးကလေးနှင့် ပျောက်သည်"ဟု ရာဇဝင်တွင်လောက်သည့် ပွဲတွေ့ကုထုံးဟု သမားအိုကြီးများထံမှ လေ့လာ မှတ်သားခဲ့ရပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် အလွန်နက်နဲသိမ်မွေ့သော မိရိုးဖလာ ပညာရပ် တစ်ရပ်ဖြစ်သည်။ ကဗျာလင်္ကာများ ရွတ်ဆိုသည်ကို ကြားရုံမျှဖြင့် လူနာမှာ ရောဂါတစ်ဝက် သက်သာသည်။ အချို့ဆေးလင်္ကာများမှာ ပညာသားပါသလောက် ရယ်ရွှန်းဖတ်ရွှန်းများလည်း ပါသည်။ လွန်စွာစိတ်ဝင်စားဖွယ်ကောင်းသည်။ မြန်မာပညာရှင် စလေဆရာကြီးဦးပုည၏ နွားတစ်ကောင်လုံး အသုံးချနည်းလင်္ကာတွင် "မီးတွင်းမိန်းမ၊ နို့မရ၍ သားကတစာစာ၊ မာတာကြုံလှီ၊ နို့ရည်မလိုက်၊ ရှိသည်ခိုက်တွင်၊ ပြောလိုက်မည်အပြီး၊ သည်နွားမြီးကို၊ မီးဖုတ်ချက်ချင်း၊ တောက်တောက်စဉ်း၍၊ ဟင်းခါးလည်းချက်၊ ကြောင်ပန်းရွက်နှင့်၊ နို့ပျက်မိန်းမ၊ သောက်လိုက်ရလျှင်၊ နို့လုံးရွှင်သည်...."ဟု လင်္ကာဖွဲ့ဆိုသည်။ ကလေးလေဆေး ရေးရေးလင်္ကာကလေးကိုလည်းဖော်ပြလိုပါသေးသည်။ ယင်းမှာ "ကြာဟင်းလင်းနေ ကြောင်ပန်းရွက် ဆားစမုန်နက် ကြက်သွန်ဖြူ ဘုမ္မရာဇာ အမျှလောင်း ပေါင်းအမျှယူ လေတံကျင်နဲ့ လေတံချူ နေပူပူဖျော်၍ပေး၊ လေလုံးကြီး၍ ရင်လုံးကယ်လျှင် လေမျိုးရှစ်ဆယ် အနာပျောက် အီးပေါက်တဲ့ဆေး"ဟူသော လင်္ကာဖြစ်ပါသည်။

ယင်းကလေး လေဆေးမှာ ပွဲတွေ့ဆေးကျော်ဖြစ်၍ ရှေးသမားတော် အစဉ်အဆက် လက်သုံးထားကြသည်။ ဘိုးဘေးအစဉ်အဆက် မြန်မာ့ တိုင်းရင်းဆေးပညာသည် ထူးခြားလေးနက်၍ အစွမ်းထက်လှသည်။ သွေးစမ်းကြည့်ရုံမျှဖြင့် ကိုယ်တွင်းရောဂါ ဝေဒနာတို့ကိုချက်ချင်း ပြောနိုင်သည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က ပုသိမ်အရှေ့ပိုင်း နယ်တစ်လွှားတွင် ဦးရွှဲဆိုသည့်ဆေးဆရာကြီးတစ်ဦး ရှိခဲ့ဖူးသည်။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ပြည့်စုံသည်။ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ရောဂါကုထုံးကျမ်း၊ ဗေဒင်ကျမ်းနှင့် ဆန်းကျမ်းတို့၌ ကျွမ်းကျင်လိမ္မာသည်။ ဆေးစွမ်းထက်သလောက် ရောဂါပျောက်သဖြင့်လည်း နယ်လေးရပ်တွင် ပျံ့နှံ့ကျော်ကြား တစ်နယ်လုံး အားထားကြသည်။

သမားတော်ကြီး ဆရာဇီဝကမှ အစပြု၍ နန်းတွင်းသမားတော်များ၊ မြန်မာနိုင်ငံတစ်လွှား ထင်ရှားသော သမားတော်ကြီးများမှာလည်း ထူးခြားဆန်းပြား၊ ခက်ခဲနက်နဲကာ အဆင့်အတန်း မြင့်မားလှသော ကုထုံးများစွာရှိခဲ့ပါသည်။ အနောက်တိုင်း ဆေးပညာရပ်များစွာသည် မြန်မာ့တိုင်းရင်းဆေးပညာထက် သိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်မှုကြောင့် အချို့နည်းပညာ သာလွန်ကောင်းသာနိုင်သော်လည်း ကုသရေးတွင် နည်းပရိယာယ် ကြွယ်ဝမှုနှင့် ဆင်ခြင်တုံတရား မြင့်မားစွာ ကြံဆမှုတို့၌မူ တုမမီနိုင်ဟု ထင်မြင်ယူမိပေသည်။

အထက်အဆိုပါ ဆရာကြီးဦးရွှဲ၏တပည့် ဆေးဆရာကြီး ဦးထွန်းခိုင်အား "အနောက်တိုင်း ဆေးပညာရှင်တွေလို နားကြပ်တွေ၊ သွေးစမ်းကိရိယာတွေ၊ ဓာတ်ခွဲတာတွေမရှိဘဲ ရောဂါဝေဒနာမှန်းဆတာ မှန်နိုင်ပါ့မလား အဘိုးရဲ့"ဟု ကျွန်တော် စောဒကတက်လေရာ အဘိုး ဆရာကြီးက သွေးစမ်းစရာမလို၊ နားကြပ်ကိုင်စရာမလို၊ ဓာတ်ခွဲ စမ်းသပ်စရာမလိုဘဲ ရောဂါကို အတပ်ပြောနိုင်သည်ဟုဆိုကာ မျက်လုံးကိုကြည့်၍ အပူနာ၊ အအေးနာ ရောဂါဗေဒ ခန့်မှန်းသည့်ပညာကို ချက်ချင်းသင်ပေးခဲ့ပါသည်။ "စိမ်း-ပြာ-ညို-နက်-သီတဖက်၊ နီ-ချက်-ဝါဖြူ-ဥဏှယူ"ဆိုသော လင်္ကာတိုကလေးကို အစပြု၍ ကျွန်တော် ဆေးပညာနယ်တွင် ပညာသင်ကာ လျှောက်လှမ်းခဲ့ဖူးပါသည်။ ကိုယ်တိုင် လျက်ဆား၊ နှလုံးဆေး၊ သည်းခြေဆေး၊ ငန်းနီကျော်ဆေးများ ဖော်ခဲ့သည်။ စီးပွားဖြစ်ရောင်း၍ အောင်မြင်ခဲ့ဖူးသည်။ ရဟန်း၊ သံဃာ၊ မိဘ၊ ဆရာသမား၊ ဘိုးဘွားနှင့် ဝေဒနာရှင်တို့အားလည်း စိတ်တိုင်းကျလှူရဖူးသည်။ မြန်မာသမားတော်တို့ကား ကုသိုလ်လည်းရ ဝမ်းလည်းဝသော "ဩသဓဒါန ထာဝရ အလှူရှင်များ"ဖြစ်ကြပေသည်။

"ခြေ၊ လက်၊ မျက်နှာ ဆေးကြောပါ။ ကျန်းမာသန့်ရှင်း ရောဂါကင်း"ဆိုသည့် သူငယ်တန်းတွင် သင်ကြားသည့် လင်္ကာလေးသည် သာမန်လင်္ကာမဟုတ်။ မြန်မာနိုင်ငံ သာသနာ့သမိုင်း တစ်လျှောက် သက်တော်ရှည် ဆရာတော်ကြီးများ နေ့မဟူ ညမရွေး အိပ်ရာဝင်အိပ်ရာထ ကျင့်သုံးလေ့ရှိကြသည့် "သက်ရှည်ကျန်းမာရေး အလေ့အကျင့်ကောင်းများ"ဖြစ်ပါသည်။

"င...ပိ...လက်...လေး...သစ်" ဟူသည်မှာ သွားကိုက်ရာတွင် သိပ်ရမည့် ဆေးမြီးတိုဖြစ်သည်။ ငရုတ်ကောင်း၊ ပိတ်ချင်း၊ လက်ချား၊ လေးညှင်း၊ သစ်ကြမ်းပိုးတို့ကို ဆတူစု၊ အမှုန့်ပြုကာ ကိုက်နေသော သွားအတွင်းသို့ သိပ်ခြင်း၊ ထိုအမှုန့်ဖြင့် သွားတိုက်ခြင်းတို့ ပြုလုပ်က သွားကိုက်၊ သွားနာရောဂါ ပျောက်ကင်းသည်ဟု ဆိုလိုပါသည်။ "လူ...ရပ်...ကျောက်...ရပ်...ဓာ...လေး...ဒုတ်"ဟူ၍လည်း သွားရောဂါသာမက ရေစီးကမ်းပြိုပင် ပျောက်နိုင်သော ဆေးနည်းကောင်း တစ်လက် ရှိပါသေးသည်။ ကန့်ဘလူ၊ပရုတ်၊ကျောက်ချဉ်၊ ငရုတ်ကောင်း၊ ဓာတ်ပွိုလ်၊လေးညှင်း၊ဒုတ္ထာစသည့် ဆေးအမယ်များ ပါဝင်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာရပ်ကား အနုစိတ်လှပါသည်။ ခက်ခဲ၍ နက်နဲသောပညာရပ်များ ဖြစ်ပါသည်။ ရေချိုးရာ၌ပင် **"ဆောင်း...တစ်ဆယ်၊ နွေ...ကိုး။ မိုး...ခုနစ်"**ဟု ကျန်းမာရေးအတွက် ပြဋ္ဌာန်းထားပေသည်။ ပူကန်ပွင့်ကြေ၊ ဓာတ်ကြေလေရ၊ သွေးလေမျှစေသည့် ပိတ်ချင်း၊ ချင်း၊ ငရုတ်ကောင်း(ဆေးပညာအလိုအရ တြိကဋုက် သုံးပါးဟုခေါ်သည်) တို့ကိုပင် မိမိတို့ကျန်းမာရေးအတွက် စနစ်တကျ နှစ်ရှည်သုံးစွဲတတ်ကြစေရန် **"ဆောင်းမှာ ပိတ်ချင်း၊ နွေမှာ ချင်း၊ မိုးတွင်း ငရုတ်ကောင်း"**ဟူ၍ ကျန်းမာရေး အမွေပေးခဲ့သည်။ **"မျက်စိရေကြည်၊ နားမှာဆီ၊ ဒန္တီမှာ ဆား၊ ဝမ်းမှာခါး၊ ရင်မှာပျား၊ ခါးမှာရေ"**ဟူ၍ တစ်သက်တာ ကျန်းမာရေး ကောင်းစေမည့် သဘာဝ ဆေးအမယ်များနှင့် ကျင့်ထုံးကျင့်နည်းများကိုလည်း သုံးစွဲရန် ညွှန်းဆိုခဲ့ကြသည်။ **"အသက်ကြီးလျှင် ဆင်စီးမြင်းရံ ဗုံတီး ပန်းပန်"** ဆိုသည်က အသက်(၅၀) ပတ်ဝန်းကျင်နှင့် အထက်သို့ရောက်ခဲ့သော် ခန္ဓာကိုယ် အိုမင်း၍ ယိုယွင်းလာသော ဓာတ်သဘာဝအင်အား ပြည့်ဝကြစေရန် ဆင်တုံးမနွယ် (မသေဆေး) စားရန်နှင့် မြင်းခွာရွက်ပဥ္စင်းပါး မှီဝဲရန်၊ ဆီးဝမ်းသွေးလေ မှန်စေရေးအတွက် ဘုမ္မရာဇာဆေးစားရန်၊ ပျားရည်သောက်ရန် ဆေးနည်းကောင်းများ ပေးထားခြင်းဖြစ်ပါသည်။

စလေဆရာကြီးဦးပုညအစရှိသော ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုတို့၏ တိုင်းရင်းဆေးပညာလင်္ကာများ၊ ဖော်နည်းနိဿရည်းများ၊ စာပြောင်ဒုံးချင်းများ၊ ကုထုံးများ၊ ဆေးကျမ်း၊ ဓာတ်ကျမ်းများမှာ ဖော်ပြ၍ပင် မကုန်နိုင်ပါ။ မြန်မာ့တိုင်းရင်းဆေးပညာဟူသည် "နွယ်မြက်သစ်ပင် ဆေးဖက်ဝင်"ဟူသော စကားနှင့်အညီ သစ်ပင်တို့၏ အသီး၊ အရွက်၊ အမြစ်၊အခေါက်၊ ပင်စည်ပဥ္စင်းပါးတို့ကိုအမှုန့်ပြု အဆီစုကာ ကတိသစ္စာကို အရင်းတည်လျက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ရောဂါဘေးကျရောက်သူတို့ကို စေတနာမေတ္တာဖြင့် ကယ်တင်လျက်ရှိသော မြန်မာသမားတော်တို့၏ နည်းပညာတစ်ရပ်ပင် ဖြစ်ပါသည်။

ပိန်ဆေး၊ ဝဆေးတို့မှာ ပျားရည်တစ်မျိုးတည်းဖြင့်ဖော်သော မြန်မာ့ပွဲတွေ့ဆေးကျော် ဖြစ်ပါသည်။ ပိန်ဆေးကို ပျားရည်အဟောင်းနှင့် ဖော်၍ ဝဆေးကို ပျားရည်အသစ်နှင့် ဖော်ရသည်။ နိုင်ငံခြား ခေတ်မီဆေးဝါး အချို့၏ ပုလင်းများပေါ်တွင် "အဆိပ်"ဟု ရေးသားဖော်ပြမှုများကို တွေ့ရသည်။ တန်ဆေးလွန်ဘေးဖြစ်သည်။ သတ်မှတ်ထားသော အကန့် အသတ်ထက်ကျော်လွန်၍ သောက်သုံးလျှင် အဆိပ်ဖြစ်၍ အသက် အန္တရာယ်ပင် ထိပါးနိုင်သည်။ မြန်မာ့ဆေးဝါးမှာ အဆိပ်မဟုတ်။ အန္တရာယ်မဖြစ်နိုင်။ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဆိုသကဲ့သို့ ဆေးပင်တို့၏အသီး၊ အရွက်၊ အမြစ်၊ အခေါက်တို့ကို အမှုန့်ပြုထားသော ဆေးအမယ်များသာ ဖြစ်ပါ၏။

"သမားပေါက်စ ဟလိဒ္ဒ"ဆိုသော စကားအရ ဟလိဒ္ဒစုန္ဒ (နနွင်းပြာ) ဆေးတစ်မယ်တည်းဖြင့် ကုသပျောက်ကင်းနိုင်စွမ်း ရှိလေသည်။ ထို ဟလိဒ္ဒစုန္ဒကို သောက်သင့်သည်ထက် အဆခြောက်ဆယ်ပိုသောက်ငြားအံ့၊ ထိုသူသည် ဝမ်းဖောရုံမှတစ်ပါး အခြားအန္တရာယ် မရှိကြောင်း တရားဝင် သုတေသနပြုထားသည်များ ရှိသည်။

ဤသို့တန်ဖိုးကြီးမားသော မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာတိုင်းရင်းဆေးဆရာများ၏ စည်းလုံးညီညွတ်မှု ပိုမိုမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာကို ပြည်သူများ ယုံကြည်ကိုးစားအားထားမှု တိုးပွားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြှင့်တင်ဆောင်ရွက်ရေးအတွက် နိုင်ငံတော်က အစဉ်မြှင့်တင်ပျိုးထောင်ပေးလျက်ရှိပါသည်။ နှစ်စဉ် မြန်မာ့တိုင်းရင်းဆေးသမားတော်ညီလာခံနှင့် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲများ ခင်းကျင်းပြသလျက်ရှိသည်။

စွမ်းရည်မြင့်မား၍ တန်ဖိုးလည်းမကြီးလှသော မြန်မာ့တိုင်းရင်းဆေး၊ လက်ဆောင်ကောင်းကလေးတစ်မယ်ကို စာဖတ်သူတို့အား ပေးလိုပါသည်။ ထိုဆေးနည်းလင်္ကာလေးမှာ-

သဘော်၊ နွယ်ချို
စရိ၊ ပဒဲကော
ရောနှောသံပရာ
သကာပျားနှင့်ချက်။
အသက်ရာကျော်တက်။
အသံဥသြငှက်။
ဖြူသောဆံပင်နက်

ဟူ၍ ဖြစ်ပါသည်။

အကယ်၍ ဤဆေးနည်း လင်္ကာလေးကို မဖော်တတ်၊ မသုံးဆောင်တတ်ငြားအံ့၊ မည်သည့်တိုင်းရင်းဆေးဆရာ၊ တိုင်းရင်းဆေးဆိုင်နှင့် ပရဆေးဆိုင်များသို့မဆို သွားရောက်မေးမြန်းပါက ပြုံးရွှင်ချိုသာ ဖော်ရွေစွာ ဆီးကြိုကြ၍ "ဖော်နည်းကား"၊ "ရေလဲ-သုံးဆောင်နည်း"နှင့် "အကျိုး သွားများ"ကို စိတ်ရှည်စွာ ရှင်းလင်းပြောပြ အကူအညီ ပေးကြမည်သာ ဖြစ်ပါသည်။ မြန်မာ့တိုင်းရင်းဆေးနှင့် စပ်လျဉ်း၍ ဗဟုသုတပွားများရရှိကြစေရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်း တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဦးခင်စိုး-ဒေါ်ကျင်သန်း မိုးညှင်းယောဂီ မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ဝင် ဒေါက်တာ စောဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဩဂုတ် ၂၃

သနတ္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်မှ ကြီးမှူး၍ ဟိန္ဒူမိသားစုများက နိုင်ငံတော် သံဃမဟာနာယက ဆရာတော်၁၅ပါး၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ဆရာတော် ၆၉ ပါးတို့အား ဝါဆိုသင်္ကန်း ကပ်လှူခြင်းနှင့် သံဃာတော် အပါး၄၅၀တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ဩဂုတ် ၂၀ရက် နံနက် ၉ နာရီက ကမ္ဘာအေးကုန်းမြေ မိုးကုတ်ဆွမ်းစားကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တအရိယာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကုမ္ဘာရီဟိန္ဒူအမျိုးသမီးများက မင်္ဂလသုတ် ရွတ်ဖတ် သရဇ္ဈာယ်၍ ပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ သနတ္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်မှ ဆောင်ရွက်နေသော ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများအား အဖွဲ့ချုပ် အမှုဆောင် ဦးစိုးသိန်းက လျှောက်ထားပြီး ဒုတိယဥက္ကဋ္ဌ ဦးကြည်မင်း၊ အထွေထွေအတွင်းရေးမှူး ဦးသိန်းလွင်



နှင့် အမှုဆောင်များ၊ အလှူရှင်များနှင့် ဟိန္ဒူမိသားစုများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်းသိရသည်။ **(အပေါ်ပုံ)**

(က-ပ)

ရန်ကင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးမှူး

ကျန်းမာသောပတ်ဝန်းကျင်နှင့်အမှိုက်၊ ခြင်၊ ဆေးလိပ်ကင်းစင်သောကျောင်းသတ်မှတ်

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကလေးများအတွက် ကျန်းမာသောပတ်ဝန်းကျင်နှင့် အမှိုက်၊ ခြင်၊ ဆေးလိပ်ကင်းစင်သောကျောင်း သတ်မှတ်ခြင်း၊ သက်ကြီးဘိုးဘွားများအား ထောက်ပံ့ခြင်းနှင့် ကလေးများအား အာဟာရကျွေးမွေးခြင်း အခမ်းအနားကို ဩဂုတ်၂၁ရက် နံနက်၆နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်အုံးသန်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မိမိခင်က ရာသက်ပန် အသင်းဝင်အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး ပညာပေး နံရံကပ်ပိုစတာများကို ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌများ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးအားလည်းကောင်း၊ ရန်ကင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ အတွက် သွေးလွန်တုပ်ကွေးရောဂါ ပညာပေးနံရံကပ်ပိုစတာများကို တာဝန်ရှိသူ များအားလည်းကောင်း ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှိုက်ကင်းစင်၊ခြင်ကင်းစင်နှင့်ဆေးလိပ်ကင်းစင် ကျောင်းဆိုင်းဘုတ်များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** ကျောင်းဝင်းအတွင်း အမှတ်တရသစ်ပင် စိုက်ပျိုးပေးသည်။

လှည့်လည်ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူး၊ဇနီးနှင့် ဧည့်သည်တော်များသည် ကျောင်းဝင်း အတွင်း ကျောင်းကျန်းမာရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ကျောင်းကျန်းမာရေး ပြခန်းအတွင်း ကျန်းမာရေးဆိုင်ရာ စာအုပ်စာတမ်းများ၊ နံရံကပ်ပိုစတာနှင့် ဓာတ်ပုံမှတ်တမ်းများ၊ ကျောင်းသား ကျောင်းသူလေးများ၏ ကျန်းမာရေးအသိ ပညာ နားလည်မှုစွမ်းရည်ပြသမှု၊သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုနှင့် အသက်ခြောက်လမှသုံးနှစ်အထိကလေး ငယ်များအား အာဟာရ ကျွေးမွေးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကို ကျောင်းခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကလေးများအတွက် ကျန်းမာသောပတ်ဝန်းကျင်ဖြစ်စေရေး ဆောင်ရွက် ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျောင်းကျန်းမာရေးလုပ်ငန်းများအတွက် ဦးဝင်းသိန်း- ဒေါ်တင်တင်လှ (ဖွံ့ဖြိုးအောင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)နှင့် သီရိသုဓမ္မ မဏိဇောတဓရ ဦးနေဝင်းထွန်း-ဒေါ်နန်းအေးအေးမြင့် (ပတ္တမြားနဂါး၊ ကျောက်စိမ်းနဂါးကုမ္ပဏီလီမိတက်)တို့က ငွေကျပ်ငါးသိန်းစီ၊ (ဦးသိန်းမောင်)- ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ်၂၀၃၀၀၀၊ ရန်ကင်းမြို့နယ် ဆီလုပ်ငန်းရှင်များအဖွဲ့နှင့် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်း တို့က ငွေကျပ်၁၄၀၀၀၀စီတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံ သည်။

သန့်ရှင်းရေးသုံးပစ္စည်းပေးအပ်

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့ကရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌများအား သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများကိုပေးအပ်သည်။

ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ်(၈၂)စီနေ ဦးမျိုးညွန့်- ဒေါ်စုစုလွင် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်း လူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်းကိုယ်စား ဒုတိယဥက္ကဋ္ဌပါမောက္ခ ဒေါ်ရီရီမြင့် လက်ခံ ယူစဉ်။ (က-ပ)

ဦးအောင်မြင့်နှင့် သမီး မတင်တင်တို့အား ရည်စူး၍ ပဲခူးတိုင်း လက်ပံတန်း ၆ လမ်းနေ ဒေါ်တင်အုန်း မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ် လှူဒါန်းစဉ်။ (က-ပ)

ပြည်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး တိုင်းရင်းသားရိုးရာဓလေ့များဆိုင်ရာ ဟောပြော

ရန်ကုန် ဩဂုတ် ၂၃

ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) ပြည်ခရိုင်၊ ပြည်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့က ကြီးမှူးကျင်းပသော တိုင်းရင်းသား ရိုးရာဓလေ့များ ဆိုင်ရာ ဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက ပြည်မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းနှင့်အဖွဲ့ဝင်များ၊ ပြည်ခရိုင်၊ ပြည်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပြည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းခိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းသူ ရှစ်ဦးက တိုင်းရင်းသား ရိုးရာ ဓလေ့များ၊ ဝတ်စားဆင်ယင်မှုများနှင့် ပတ်သက်၍ ဟောပြောသရုပ်ပြသည်။ ထို့နောက် တိုင်းရင်းသား ကလေးငယ် ၁၆ဦးက "စည်းလုံးခြင်းအတွက် သီချင်း တစ်ပုဒ်"တေးသရုပ်ဖော်ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တာဝန်ရှိသူအသီးသီးက အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ကြသည်။ **(က-ပ)**

အမျိုးသားရေးစိတ်ဓာတ်ဖြင့် ရည်မှန်းချက်များ အောင်မြင်အောင်ဆောင်ရွက်

လျှပ်စစ်ကဏ္ဍဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများ စွမ်းရည်မြင့်တက်လာမည်

နေပြည်တော် ဩဂုတ် ၂၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးသိန်းလွင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ်၁၈ရက် မွန်းလွဲပိုင်းက ရေနံချောင်းမြို့နယ် 33KV ဓာတ်အား ခွဲရုံသို့ရောက်ရှိရာ မကွေးတိုင်း လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မြင့်၊ ရေနံချောင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်နိုင်ဦးတို့က ရေနံချောင်း ဓာတ်အား ခွဲရုံသို့ မကွေးမြို့ 132/33KV ဓာတ်အားခွဲရုံမှ 33KVဓာတ်အားလိုင်း ၃၀ဒသမ၅ မိုင်ခန့် ဓာတ်အားရယူ၍ 33/11KV 5 MVA ထရန်စဖော်မာဖြင့် မြို့တွင်းနှင့် စက်မှုဇုန်များအတွင်းသို့ 11KVဓာတ်အားလိုင်း နှစ်လိုင်းဖြင့်ခွဲ၍ ဖြန့်ဖြူးပေးထားမှုကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် 33KV ဓာတ်အားလိုင်းဖြင့် ဓာတ်အားရယူ၍ ယခင်က 1250KVA ထရန်စဖော်မာနှစ်လုံးဖြင့် ဓာတ်အားဖြန့်ဖြူးပေးရာမှ 5MVA ထရန်စဖော်မာဖြင့် ပြောင်းလဲ တပ်ဆင်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးမှုကို ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း မင်းဘူးမြို့နယ် မင်းဘူး မြို့နှင့် ငဖဲမြို့အကြားရှိ မိုင်တိုင် ၁/၆နှင့် ၂/၁တို့ကြားရှိ မန်းဓာတ်အား ပေးစက်ရုံသို့ရောက်ရှိလာရာ ဓာတ်အားထိန်းချုပ်ခန်းမ၌ စက်ရုံမှူးက မကွေးတိုင်း အတွင်းရှိ ရေနံမြေများမှ ရေနံနှင့်အတူ ပူးပေါင်းထွက်ရှိသော သဘာဝဓာတ်ငွေ့ အား လောင်စာအဖြစ်အသုံးပြု၍ ဓာတ်အားထုတ်လုပ်ပြီး ယင်းဒေသအတွင်းရှိ ရေနံမြေများ၊ ရေနံချက် စက်ရုံများ၊ အကြီးစားစက်မှုလုပ်ငန်းများနှင့် ပတ်ဝန်းကျင် မြို့၊ ရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးပြီး ပိုလျှံသော ဓာတ်အားကို မဟာဓာတ် အားလိုင်း ကွန်ရက်စနစ်အတွင်းသို့ ပို့လွှတ်ရန် ရည်ရွယ်၍ 5Gas Turbine Generation Sets 18.45MW စက်နှစ်လုံးကို တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ တစ်ရက်လျှင် ဓာတ်အားထုတ်လုပ်မှုပမာဏ 760 MWh မှ 880MWh ထုတ်လုပ်နိုင်ရန်အတွက် သဘာဝဓာတ်ငွေ့တစ်နေ့လျှင် 12.0 MCF လိုအပ်လျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် သဘာဝဓာတ်ငွေ့ ရရှိမှုပေါ်မူတည်၍ စက်လည်ပတ်မှု ရပ်တန့်ချိန်တွင် စက်များ၏ ကြံ့ခိုင်မှုကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မဟာဓာတ်အားလိုင်း စနစ်မှ ဓာတ်အားကိုရယူ၍ 66KV ဓာတ်အားလိုင်း နှစ်လိုင်း၊ 33KV ဓာတ်အားလိုင်း ခုနစ်လိုင်း၊ 11KV ဓာတ်အားလိုင်း နှစ်လိုင်းဖြင့် ဓာတ်အား ဖြန့်ဖြူးပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ဝန်ကြီးက ဓာတ်အားဖြန့်ဖြူးပေးမှုတွင် ပိုမိုကြိုးစား၍ လုပ်ကိုင်ဆောင် ရွက်သွားကြရန်၊ လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရန်လိုကြောင်း၊ လျှပ်စစ်လုပ်သားကောင်းများအဖြစ် ပြုမူနေထိုင်သွားရန် မှာကြား၍ မဟာဓာတ် အားလိုင်းအတွင်းရှိ 132KV ဓာတ်အားလိုင်းသည် ချောက် ဓာတ်အားခွဲရုံ နှင့် မကျီးကန်ဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်ထားသော ဓာတ်အားကို လက်ခံရယူပြီး 132KV ဓာတ်အားကို 66KV ဓာတ်အားအဖြစ် 40 MVA ဓာတ်အားကို အဆင့်ချ၍ လည်းကောင်း၊ 132KV ဓာတ်အားကို 33KV ဓာတ်အားအဖြစ် 50MVA လျှပ်တာပြောင်းမှ ဓာတ်အားကို အသီးသီးနှိမ့်ချ၍ ဓာတ်အားဖြန့်ဖြူးမှုကိုလည်းကောင်း၊ သဘာဝဓာတ်ငွေ့ ရရှိမှုပေါ်မူတည်၍ လည်ပတ်မှုခေတ္တရပ်ဆိုင်းထားရသော ဓာတ်အားပေးစက် နှစ်လုံးနှင့် ရေစစ်ကန် တို့အားလည်းကောင်း၊ နောင်တွင် ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်မည့် ဓာတ်အားလိုင်း တည်ဆောက်ရန် မြေနေရာများကိုလည်းကောင်း၊ ဓာတ်အား လိုင်းအမျိုးမျိုးဖြင့် ဓာတ်အားပို့လွှတ်လျက်ရှိသော ဓာတ်အားလိုင်းများကို လည်းကောင်း၊ ဓာတ်အားထိန်းချုပ်ခန်းမအတွင်း Indoor Gas Circuit Braker များဖြင့် ဓာတ်အားပို့လွှတ်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ် သည်များကို မှာကြားသည်။

အောင်မြင်အောင်ဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မင်းဘူးခရိုင် လျှပ်စစ်အင်ဂျင် နီယာရုံးသို့ရောက်ရှိရာ ဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းပြီး အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝန်ကြီးဌာန ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်သွားစေလိုကြောင်း၊ လျှပ်စစ်ကဏ္ဍဖြင့် နိုင်ငံ တော်၏ စက်မှုကုန်ထုတ်လုပ်ငန်းများ၏ စွမ်းရည်မြင့်တက်လာမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား သုံးစွဲသူပြည်သူများအား ကူညီရိုင်းပင်းစွာ ဆောင်ရွက်ပြီး ရိုးသားမှု၊ ကြိုးစားမှုတို့ဖြင့် လုပ်ကိုင်သွားကြရန် မှာကြားကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄–၈–၂၀၀၆
(ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	သဒ္ဓါပြည့်တင်း ဆန်လှူအသင်း
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	သတ္တုတူးသောရွာကလေး
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	မြန်မာရုပ်ရှင်ပွဲတော် (ဇန်ကောက်)
၈း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၅	နှင်းဆီပင် စိုက်ကြရအောင်
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	မြန်မာယူရေနီယံအကအဖွဲ့ နှင့် တွေ့ဆုံခြင်း–၂
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ယူးချောင်းတံတား
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	အောင်မြင်ကျော်ကြား မြန်မာရုပ်ရှင်ဒါရိုက်တာများ [မောင်မျိုးမင်း(ရင်တွင်းဖြစ်) နှင့် တွေ့ဆုံခြင်း] (ဒုတိယပိုင်း)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	အောင်မြင်ကြီးပွား မွေးမြူရေးလုပ်ငန်းများ (အနောက်တောင်တိုင်း စစ်ဌာနချုပ်)
၁၁း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀	သူတို့ပြောတဲ့ သူတို့အကြောင်း (ကာတွန်းငွေကြည်)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများလုပ်ငန်းညှိနှိုင်း

ရန်ကုန် ဩဂုတ် ၂၃

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် မန္တလေးခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်ပြုံးဝင်းက ပြည်သူလူထုအခြေပြု မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ရှေ့ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မန္တလေးခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာက ဩဂုတ်လရှေ့လုပ်ငန်းစဉ်ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများက ကျန်းမာရေး၊ ပညာရေးနှင့် စည်းရုံးရေးဆိုင်ရာ ကိစ္စရပ်များကို အသီးသီးဆွေးနွေး တင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပညာရေးပိုင်းတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးနှင့် အဆင့်ဆင့်ပညာသင်ကြားနိုင်ရေး၊ စာရေးကိရိယာနှင့် စာသင်ခုံများဖြည့်ဆည်းပေးရေး၊ကျန်းမာရေးပိုင်းတွင် မိခင်နှင့်ကလေး သေနှုန်းကျဆင်းရေး၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး၊ တီဘီရောဂါကာကွယ်ရေးအား အရှိန်မြှင့် ဆောင်ရွက်ရေး၊ HIV ရောဂါ နှစ်သိမ့်ပညာပေးဆွေးနွေးရေးနှင့် HIV ပိုးရှိသော ကိုယ်ဝန်ဆောင် မိခင်နှင့်မွေးကင်းစကလေးများကို ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု အခြေပြု မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ တက်တက်ကြွကြွ ဆောင်ရွက်နိုင်ရန် ဆယ်အိမ်မှူးများ စနစ်တကျ ရွေးချယ်ပေးရေးနှင့် အောင်မြင်မှုရနေသည့် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဂုဏ်ကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံး ပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် ဩဂုတ်လအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
၂၇–၈–၂၀၀၆ ရက်နေ့
၂၀၀၆ခုနှစ် စက်တင်ဘာလအတွက်
၁၀–၉–၂၀၀၆ ရက်နေ့
နှင့်
၂၄–၉–၂၀၀၆ ရက်နေ့

တပ်မတော်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဩဂုတ် ၂၃

တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)၌ ဦးဇန်ကူးနှင့် ကစားဖော်များဖြစ်ကြသော သူရဦးစောဖြူ၊ ဦးထွန်းအောင်၊ ဦးသိန်းငွေတို့သည် ဩဂုတ် ၆ ရက် နံနက်က ဂေါက်သီးရိုက်ကစားကြရာ ဦးဇန်ကူးသည် ဘောလုံးအမျိုးအစား (Farmax No.1) အား သံတုတ်နံပါတ် ၈ ဖြင့် ကျင်းနံပါတ် ၇ သို့ ၁၃၂ ကိုက်အကွာအဝေးမှ ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့သည်။

ထို့အတူ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်ကလည်း ယင်းကျင်းနံပါတ် ၁၇ တွင် တစ်ကြိမ်၊ယင်းနှစ်ဩဂုတ် ၂ ရက်က ကျင်းနံပါတ် ၁၇ တွင် တစ်ကြိမ်၊ နှစ်ကြိမ်တိတိ တစ်ချက်တည်းကျင်းဝင်ခဲ့ပြီးဖြစ်ရာ ယခု သုံးကြိမ်မြောက် ရရှိခြင်းဖြစ်ကြောင်းသိရသည်။ **(က–ပ)**

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဩဂုတ်လ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၅ နာရီခွဲတွင် မြန်မာနိုင်ငံ ဂေါက်ကွင်း(ကိုးမိုင်)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကျင်းပပြီးစီး

ရန်ကုန် ဩဂုတ် ၂၃

၂၀၀၆ ခုနှစ် (၁၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ် နောက်ဆုံးပွဲစဉ်များကို ယနေ့နံနက် ၈ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ဆက်လက်ကျင်းပရာ အမျိုးသမီးကွာတားဖိုင်နယ် တတိယပွဲစဉ်တွင် မကွေးတိုင်းအသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲ–ပွဲမရှိဖြင့်လည်းကောင်း၊ စတုတ္ထပွဲစဉ်တွင် မွန်ပြည်နယ်က စစ်ကိုင်းတိုင်းကို သုံးပွဲ–တစ်ပွဲဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အကြိုဗိုလ်လုပွဲ

အမျိုးသားကွာတားဖိုင်နယ် တတိယပွဲစဉ်တွင် စစ်ကိုင်းတိုင်းက မွန်ပြည်နယ်ကို သုံးပွဲ–တစ်ပွဲဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းအသင်းက ပဲခူးတိုင်းအသင်းကို သုံးပွဲ–ပွဲမရှိဖြင့် လည်းကောင်း အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဩဂုတ် ၂၆ ရက်တွင် အကြိုဗိုလ်လုပွဲများကို နံနက် ၈ နာရီမှစ၍ ကျင်းပမည်ဖြစ်သည်။

အမျိုးသမီးအကြိုဗိုလ်လုပွဲ

ရန်ကုန်တိုင်း နှင့် မန္တလေးတိုင်း။
မကွေးတိုင်း နှင့် မွန်ပြည်နယ်။

အမျိုးသားအကြိုဗိုလ်လုပွဲ

မန္တလေးတိုင်း နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)။
စစ်ကိုင်းတိုင်း နှင့် ရန်ကုန်တိုင်း။

(မြန်မာ့အလင်း)

(၁၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၂၅)နှစ် အောက် ဘော်လီဘောပြိုင်ပွဲ အမျိုးသားကွာတားဖိုင်နယ်ပွဲစဉ်တွင် ပဲခူးတိုင်းမှ ဝင်းထွန်းအောင်၏ ရိုက်ချက်ကို ရန်ကုန်တိုင်းအသင်းမှ ပိတ်ဆို့ထားစဉ်။

(မြန်မာ့အလင်း)

ကျွမ်းဘားဒိုင်လူကြီးသင်တန်းဆွေးနွေးပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၃

အပြည်ပြည်ဆိုင်ရာ အမျိုးသားကျွမ်းဘားဒိုင်လူကြီးသင်တန်း ဆွေးနွေးပွဲ ဖွင့်ပွဲကို ယနေ့နံနက်၉နာရီခွဲက အလုံမြို့နယ်လမ်းမကြီးရှိ မြန်မာ့သစ်လုပ်ငန်း တင်ဒါခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ တပ်မတော် ကြည်း၊ ရေ၊ လေ ကျွမ်းဘားကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစောရွှေနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးဝေလင်းအောင်နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာဒိုင်လူကြီး Mr. Kato Sawao နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

မိတ်ဆက်စကားပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးဝေလင်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး**(အပေါ်ပုံ)** သင်တန်းနည်းပြဆရာ Mr. Kato Sawao က မိတ်ဆက်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တာဝန်ထမ်းဆောင်

သင်တန်းကို ဩဂုတ် ၂၃ ရက်မှ ၂၅ ရက်အထိဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြသည်။ ဂျပန်နိုင်ငံမှ သင်တန်းနည်းပြဆရာ Mr. Kato Sawao သည် ၁၉၆၈မှ ၁၉၇၂ခုနှစ်အထိ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများတွင် ချန်ပီယံဆု သုံးကြိမ်ရရှိထားသူဖြစ်သည်။ ယခုအခါတွင် အပြည်ပြည်ဆိုင်ရာ ကျွမ်းဘားအဖွဲ့ချုပ်တွင် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ဆားဘီးယားသူ အီဗန်နိုဗစ် မာတီနာဟင်းဂစ်ကိုနိုင်ပြီး ရိုဂျာဖလားဆွတ်ခူး

ရေးသားတင်ပြသူ
မြင့်မောင်စိုး

ဆားဘီးယားနိုင်ငံသူ အီဗန်နိုဗစ်အား ရိုဂျာဖလားနှင့်အတူ တွေ့ရစဉ်။

မွန်ထရီယယ် ဩဂုတ် ၂၃

ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့၌ ကျင်းပသော ရိုဂျာဖလား အမျိုးသမီး တင်းနစ်ပြိုင်ပွဲတွင် ဆားဘီးယားနိုင်ငံသူ အီဗန်နိုဗစ်က ဆွစ်ဇာလန်နိုင်ငံမှ နာမည်ကြီး တင်းနစ် အားကစားမယ် မာတီနာဟင်းဂစ်အား အနိုင်ရပြီး ဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ဒုတိယမြောက်ဖလားဖြစ်

အသက် ၁၈ နှစ်သာရှိသေးသည့် ဆားဘီးယားနိုင်ငံသူ အီဗန်နိုဗစ်သည် မာတီနာဟင်းဂစ်အား ၆–၂၊၆–၃ ဖြင့် နိုင်ပြီး ဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ သူမသည် တင်းနစ် ကစားသမား သက်တမ်းတစ်လျှောက် ယခု ဖလားမှာ ဒုတိယမြောက်ဖလား ဖြစ်သည်။

အီဗန်နိုဗစ်သည် သူမ၏ အားပြင်းပြင်းရိုက်ချက် ကစားဟန်ကို အသုံးပြုပြီး ကမ္ဘာ့နံပါတ်တစ် တင်းနစ် ကစားသမားဟောင်း မာတီနာဟင်းဂစ်ကို အနိုင်ရခဲ့ခြင်းဖြစ်သည်။

ထိုက်တန်စွာ ဆွတ်ခူး

ပြိုင်ပွဲဝင်အဆင့် ၁၃ ရှိ အီဗန်နိုဗစ်သည် ပထမပွဲစဉ်တွင် မာတီနာဂင်းနစ်၏ ရိုက်ချက်ကို မနည်းကာကွယ်နေရသည်။ နောက်ပိုင်းတွင် အီဗန်နိုဗစ်က ပြန်လည် ထိုးနှက်ကစားနိုင်ခဲ့၍ ၆–၂၊ ၆–၃ ဖြင့်နိုင်ပြီး ဆုဖလားကြီးကို ထိုက်တန်စွာ ဆွတ်ခူးနိုင်ခဲ့သည်။

ပျော်ရွှင်မိပါတယ်

ပြိုင်ပွဲအပြီးတွင် အီဗန်နိုဗစ်က“ကျွန်မအခုလိုအနိုင်ရဗိုလ်စွဲခဲ့လို ပျော်ရွှင်မိပါတယ်၊ တကယ့်ကိုပဲ ပျော်ရွှင်ပြီး စိတ်လှုပ်ရှားရပါတယ်”ဟု ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

အင်တာမီလန်တိုက်စစ်မှူးမာတင် နယူးကာဆယ်က ခေါ်ယူရန်သဘောတူ



အင်တာမီလန် တိုက်စစ်မှူး မာတင်

လန်ဒန် ဩဂုတ် ၂၃

ပရီမီယာလိဂ်အသင်းတစ်သင်းဖြစ်သော နယူးကာဆယ်က အင်တာမီလန်မှ နိုင်ဂျီးရီးယား တိုက်စစ်မှူး အိုဘာဖေးမီ မာတင်အား ပြောင်းရွှေ့ကြေး ပေါင်၁၀သန်းဖြင့် ခေါ်ယူ စာချုပ်ရန် သဘောတူညီလိုက်ပြီဖြစ်သည်။

အသည်းအသန်ကြိုးစားခဲ့ရ

နယူးကာဆယ်နည်းပြ ဂလင်းရိုဒါသည် တိုက်စစ်မှူး အလန်ရှီးယား အနားယူသွားပြီး မိုက်ကယ်အိုဝင်ဒဏ်ရာ ပြင်းထန်စွာရခဲ့သည့်နောက် အဆိုပါ တိုက်စစ်မှူးသစ်ကို ခေါ်ယူ ဖြည့်ဆည်းရန် အသည်းအသန်ကြိုးစားခဲ့ကြောင်း သိရသည်။ မာတင်သည် အင်တာမီလန် အသင်းတွင် ဆွီဒင်မှ အီဘရာဟီမိုဗစ်ကို ဝယ်ယူပြီး အာဂျင်တီးနား တိုက်စစ်မှူး ခရက်စပိုတို့ ရှေ့တန်းတိုက်စစ်မှူး များအဖြစ် ရောက်လာကြ၍ နေရာမရဘဲ ဖြစ်နေသည်။

အသက် ၂၁နှစ်ရှိ အဆိုပါ တိုက်စစ်မှူးသည် မကြာမီ နယူးကာဆယ်အသင်း ရှေ့တန်းတွင် တွေ့မြင်ရမည် ဖြစ်သည်။ **(အင်တာနက်)**

အက်ရှ်လေကိုး ရောင်းထွက်ရေး ဝီလျံဂါးလက်စ်ကို အာဆင်နယ်ကမ်းလှမ်း

လန်ဒန် ဩဂုတ် ၂၃

အာဆင်နယ်နောက်တန်း ကစားသမား အက်ရှ်လေကိုးအား ချယ်လ်ဆီးသို့ ရောင်းထုတ်ရန်တိုက်ပွဲတစ်ရပ်လို ဖြစ်နေချိန်တွင် အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ချယ်လ်ဆီးနောက်တန်းလူ ဝီလျံဂါးလက်စ်အား ခေါ်ယူရန် ကမ်းလှမ်းလိုက်သည်။



အာဆင်နယ်နောက်တန်းလူ အက်ရှ်လေကိုး

အက်ရှ်လေကိုးအား အလဲအလှယ်လုပ်ရေးအတွက် ဂါးလက်စ်ကို လိုချင်ကြောင်း၊ သို့ရာတွင် အက်ရှ်လေကိုးရောင်းချရေးမှာ ၅၀ ရာခိုင်နှုန်းစီ ရှိနေဆဲဖြစ်ကြောင်း ဝင်းဂါးကပြောကြားသည်။

အသက် ၂၅ နှစ်ရှိ အက်ရှ်လေကိုး ရောင်းချရေးအတွက် အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ မပြတ်မသား ဖြစ်နေလျက်ရှိသည်။ ၎င်းကစားသမား ရောင်းချရေးအတွက် အာဆင်နယ်က ပေါင် ၂၅ သန်းလိုချင်နေသည်။ သို့သော် ချယ်လ်ဆီးကပေါင်သန်း ၂၀ သာပေးဝယ်သည်။ ယင်းကိစ္စကို ဖြေရှင်းနိုင်ရန်အတွက် အာစင်ဝင်းဂါး

ချယ်လ်ဆီးနောက်တန်းလူ ဂါးလက်စ်

အနေဖြင့် အလွန်စိတ်အားထက်သန်နေသည်။

ချယ်လ်ဆီးက အက်ရှ်လေကိုးအားခေါ်ယူရေးအတွက် ကြိုးစားခဲ့သည်မှာ သုံးလပင် ကြာခဲ့ပြီဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ၎င်းကစားသမား ပြောင်းရွှေ့ရေးအတွက် မသေချာ မရေရာဘဲဖြစ်နေသည်။ ချယ်လ်ဆီးက မကြာမီက ဟော်လန်နောက်တန်းကစားသမား ခါလစ်ဘိုလာရစ်ဇ်အား ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(အင်တာနက်)**

တော့တင်ဟမ်တို့ ရှက်ဖီးကိုအနိုင်ရ၊ဝက်ဖို့ဒ်နှင့် ဝက်စ်ဟမ်းသရေကျ လီဗာပူးအသင်း မက္ကာဘီကိုသရေကစားပြီး ခြေစစ်ပွဲအောင်မြင်

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဩဂုတ် ၂၃

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပလျက်ရှိရာ ဩဂုတ်၂၂ရက်က တော့တင်ဟမ်နှင့် ရှက်ဖီးယူနိုက်တက်တို့ပွဲတွင် တော့တင်ဟမ်က နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး ဝက်ဖို့ဒ်နှင့် ဝက်စ်ဟမ်းတို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

တော့တင်ဟမ်နှင့် ရှက်ဖီးယူနိုက်တက်

အိမ်ကွင်း၌ အနိုင်ရရှိရေး ပွဲအစမှာပင် တိုက်စစ်ဖွင့်ကစားခဲ့သော တော့တင်ဟမ်တို့က ရော်ဘီကိန်း၊ ဘာဘာတော့ဗ်၊ လီနွန်နှင့် ဂျာမိန်းဂျီးနပ်စ်တို့ကို အားပြုကစားခဲ့ရာ ပရီမီယာလိဂ်မျက်နှာသစ် ရှက်ဖီးယူနိုက်တက်ကို ဖိဖိစီးစီးကစားနိုင်ခဲ့သည်။

တော့တင်ဟမ်မှ ဘာဘာတော့ဗ်

အဖွင့်ဂိုးရရှိ

ထိုသို့ ပွဲအစမှာပင် တိုက်စစ်ဆင် ကစားနိုင်ခဲ့မှုကြောင့် ပွဲချိန်ခုနစ်မိနစ်မှာပင် တော့တင်ဟမ်တိုက်စစ်မှူး ဘာဘာတော့ဗ်က ရှက်ဖီးယူနိုက်တက် ဂိုးဧရိယာအတွင်း ဘယ်ခြေဖြင့် အနီးကပ်ကန်သွင်းယူလိုက်သဖြင့်အဖွင့်ဂိုးစတင် ရရှိသွားသည်။

တော့တင်ဟမ်မှ ဂျာမိန်းဂျီးနပ်စ် ဂိုးသွင်းစဉ်။

တော့တင်ဟမ်တို့က ပေါင်ငွေ ၁၀ဒသမ ၈သန်းဖြင့် ခေါ်ယူထားသည့် ဘူဂေးရီးယားတိုက်စစ်မှူး ဘာဘာတော့ဗ် အနေဖြင့် စောစီးစွာ အဖွင့်ဂိုးသွင်းယူပေးခြင်းဖြင့် သူ၏ ဂိုးသွင်းစွမ်းရည် မညံ့ကြောင်း ပြသနိုင်ခဲ့သည်။ ထို့အတူ ရော်ဘီကိန်းနှင့် လီနွန်တို့ကလည်း ရှက်ဖီးယူနိုက်တက် နောက်တန်းကို ခြိမ်းခြောက်နိုင်ခဲ့သည်။

မကျော်နိုင်

ရှက်ဖီးယူနိုက်တက်က ချေပဂိုးရရှိရေး ကြိုးစားသော်လည်း တော့တင်ဟမ်နောက်တန်းမှ အီကိုတိုဒါဗင်ပို့၊ မိုက်ကယ်ဒေါဆင်နှင့် လီယောင်ပြိုတို့ကို မကျော်နိုင်ဘဲရှိခဲ့သည်။

တော့တင်ဟမ်တို့ဂိုးထပ်မံရရှိရေး ဆက်တိုက်ထိုးဖောက်ကစားရာပွဲချိန်၁၇မိနစ်၌ ဂျာမိန်းဂျီးနပ်စ်က ရှက်ဖီးယူနိုက်တက် ဂိုးဧရိယာအတွင်း အလယ်မှ ညာခြေဖြင့် အနိမ့်ဘော ကန်သွင်းယူခဲ့သဖြင့် တစ်ဂိုး ထပ်မံရရှိခဲ့ပြန်သည်။

ပထမပိုင်းပွဲချိန်၌ ရှက်ဖီးတို့ ချေပဂိုးမသွင်းနိုင်သလို ဒုတိယပိုင်းတွင်လည်း ပွဲချိန်ပြည့်သည်အထိ ချေပဂိုးမသွင်းနိုင်ခဲ့၍ နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ပွဲအပြီး တော့တင်ဟမ်နည်းပြ မာတင်ဂျိုးလ်က“ဒီနေ့ပွဲ၌ မိမိအသင်း ကစားပုံကောင်းမွန်ကြောင်း၊ ရော်ဘီကိန်းနှင့် ဘာဘာတော့ဗ်တို့ကစားပုံကို အားရကြောင်း၊ အသင်း၌ အခက်အခဲ အချို့ရှိနေသော်လည်း မိမိတို့ အကောင်းဆုံး ကစားနိုင်ခဲ့ကြောင်း”ပြောကြားသည်။

အားရဖွယ်မရှိ

ရှက်ဖီးယူနိုက်တက် မန်နေဂျာ နေလ်ဝါနော့စ်က “မိမိအသင်း ပွဲစချိန်မှ ၂၅မိနစ်အတွင်း ဘာမှလုပ်၍မရကြောင်း ဒီနေ့ပွဲ၌ အဓိကကစားသမား သုံးဦးလည်း မပါခဲ့ကြောင်း၊ မိမိအသင်းကစားပုံမှာ အားရဖွယ် လုံးဝမရှိကြောင်း”ပြောကြားသွားသည်။

ဝက်ဖို့ဒ်နှင့် ဝက်စ်ဟမ်းတို့ပွဲတွင် ဝက်ဖို့ဒ်မှ ဒင်နီရှစ်တူ (ဝဲ)နှင့် ဝက်စ်ဟမ်းမှ မာလွန်တို့ ဘောလုံးရရှိရေး ကြိုးစားစဉ်။

ဝက်ဖို့ဒ်နှင့်ဝက်စ်ဟမ်း

ဝက်စ်ဟမ်းတို့ လူသစ်တန်း ဝက်ဖို့ဒ်ကို အကြိတ်အနယ် ကစားခဲ့ရသည်။ အိမ်ရှင်တန်းတက်ဝက်ဖို့ဒ်တို့က အနိုင်ရရှိရေး မနားတမ်းကြိုးစားခဲ့သဖြင့် ဝက်စ်ဟမ်းတို့ထိန်းပြီး ကစားခဲ့ရာ ပထမပိုင်းပွဲချိန်အတွင်း တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့ချေ။

ဝက်ဖို့ဒ်တို့က ၁၂ကြိမ် ဂိုးသွင်းခွင့်ရရှိပြီး လေးကြိမ်အပိုင် ကန်သွင်းခဲ့ရာမှ တစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ဝက်ဖို့ဒ်အတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး မာလွန်ကင်းက ပွဲချိန် ၆၃မိနစ်တွင် ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

ပွဲ ၇၀၀ပြည့်

ဝက်စ်ဟမ်း၏ ချေပဂိုးကို ပွဲချိန် ၆၅မိနစ်၌ တိုက်စစ်မှူး ဇာမိုရာက သွင်းယူပေးခဲ့ခြင်းဖြစ်ရာ ယင်းဂိုးမှာ ဝက်စ်ဟမ်းတို့ ရှစ်ကြိမ်ဂိုးသွင်းခွင့်မှ တစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ထူးခြားသည်မှာ အသက် ၄၀ အရွယ် ဝက်စ်ဟမ်းတိုက်စစ်မှူး ရှာရင်ဂန်က ယနေ့ပွဲတွင် ပါဝင်ကစားခဲ့ရာ ပရီမီယာလိဂ်၌ သူကစားခဲ့သောပွဲ ၇၀၀ပြည့်အထိမ်းအမှတ် ဖြစ်ခဲ့သည်။

မက္ကာဘီဟိုင်ဖာအသင်းဘက်သို့ ပီတာခရော့ချ် ခေါင်းတိုက်သွင်းဟန်

မက္ကာဘီဟိုင်ဖာနှင့်လီဗာပူး

ချန်ပီယံလိဂ်ခြေစစ်ပွဲ ဒုတိယအကျော့ ပွဲစဉ်အဖြစ် အစ္စရေးကလပ် မက္ကာဘီဟိုင်ဖာနှင့် လီဗာပူးတို့ ယူကရိန်းနိုင်ငံမြို့ ကီယက်ဗ်ကွင်း၌ ဩဂုတ် ၂၂ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်သွားခဲ့သည်။ လီဗာပူးအတွက် ရရှိသောဂိုးမှာ ပွဲချိန် ၅၄မိနစ်တွင် ဂျာမိန်းပင်းနန့် ဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို လီဗာပူးတိုက်စစ်မှူး ခရော့ချ်က ခေါင်းတိုက်သွင်းယူခဲ့ခြင်း ဖြစ်သည်။

ခြေစစ်ပွဲအောင်မြင်

မက္ကာဘီဟိုင်ဖာအတွက် ချေပဂိုးကို ပွဲချိန် ၆၃မိနစ်၌ ကိုလူတီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယခုပွဲ သရေဖြစ်ခဲ့သဖြင့် နှစ်ပွဲပေါင်းရလဒ် နှစ်ဂိုး–သုံးဂိုးဖြင့် လီဗာပူးတို့ ချန်ပီယံလိဂ်ခြေစစ်ပွဲ အောင်မြင်ခဲ့ပြီ ဖြစ်သည်။ ။ **(အင်တာနက်)**

မြန်မာကံကောင်းကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်းနှင့်သက်ဆိုင်သူအများသိစေရန်ကြော်ငြာ

၁။ ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ် ၄၅၃တွင် ရုံးခန်းတည်ရှိသည့် Motherland Group Construction Co., Ltd.၏ မန်နေဂျင်းဒါရိုက်တာ ဦးတင်အေး ၁၂/မဂတ(နိုင်)၀၄၈၃၇၄၏ ညွှန်ကြားချက်အရ–

အမှတ် ၁၂၄၊ ၅၁လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးခန်းတည်ရှိသည့် မြန်မာကံကောင်းကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်း ၁၂/သခန(နိုင်)၀၂၀၅၁၅သည် ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀H²)၊ မြေကွက်အမှတ် (I–၁၈)၊ မြေအကျယ် ၀ ဒသမ ၀၈၃ဧက၊ နှစ် ၆၀ မြေငှားဂရန် မြေမျိုး မြေကွက်နှင့် မြေပေါ်ရှိအမှတ် ၁၁၃/၁၁၅/၁၁၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်အိမ်ဟောင်းကို ဖျက်သိမ်း၍ လေးခန်းတွဲ ရှစ်ထပ်တိုက်သစ်ဆောက်လုပ်ရန် လုပ်ငန်းကို မြေပိုင်ရှင် ဒေါ်ရီရီကြိုင်၊ ဒေါ်ခင်သန်းကြိုင်၊ ဒေါ်ခင်မြကြိုင်၊ ဒေါ်ခင်သင်းကြိုင်၊ ဒေါ်ခင်ဆွေကြိုင်တို့နှင့် ၂၇–၇–၂၀၀၅ရက်တွင် သဘောတူစာချုပ် ချုပ်ဆိုထားပြီး ယင်းလုပ်ငန်းကို မြေပိုင်ရှင် ဒေါ်ရီရီကြိုင်ပါ ငါးဦးက အခြားကန်ထရိုက်တာသို့ လွှဲပြောင်းပေးခွင့် သဘောတူပါသည်ဟုလည်းကောင်း၊ နှစ်၆၀ မြေငှားဂရန်နှင့် မြေပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းမူရင်းများ လက်ဝယ်ရှိပါသည်ဟုလည်းကောင်း ယုံကြည်အောင်ပြောဆို၍ ၂၆–၁၀–၂၀၀၅ရက်တွင် ကျွန်ုပ်၏မိတ်ဆွေ ဦးတင်အေး ပိုင်ဆိုင်သော Motherland Group Construction Co., Ltd.နှင့် လုပ်ငန်းလွှဲပြောင်းပေးသော စာချုပ်ချုပ်ဆိုကာ အလိုက်ငွေကျပ်သိန်း ၃၀၀ကို လက်ခံရယူသွားခဲ့ပါသည်။

၂။ ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်းသည် လုပ်ငန်းလွှဲပြောင်း စာချုပ်ချုပ်သည့်အချိန် နှစ်လအတွင်း နှစ်၆၀ မြေငှားဂရန်စာချုပ်မူရင်း၊ မြေပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းနှင့် အမှတ် ၁၁၃/၁၁၅/၁၁၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အိမ်ဟောင်းနှင့် တည်ရာမြေကွက်ကို လာရောက်အပ်နှံပေးမည်ဟု စာချုပ်ထဲတွင် သဘောတူထားသော်လည်း သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးတင်အေး၏ကုမ္ပဏီမှစုံစမ်းသည့်အခါ မြေပိုင်ရှင် ဒေါ်ရီရီကြိုင်ပါ ငါးဦးတွင် အမွေဆိုင်မောင်တော်သူ နှစ်ဦးရှိနေပြီး အမွေဆိုင် ဦးရန်အောင်နှင့် ဒေါ်ရီရီကြိုင်ပါ ခြောက်ဦးသည် ယင်းမြေကွက်နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး(၆)ရုံး၌ တရားမကြီးမှု ဖြစ်နေပြီး တရားမဇာရီမှုအဆင့်သို့ရောက်ရှိနေကာ ယင်းမြေကွက်နှင့်အိမ်ကို တရားရုံးတော်မှ လေလံတင်ရောင်းချသည့်အဆင့်သို့ ရောက်ရှိနေကြောင်း သိရှိရပါသည်။ ဒေါ်ရီရီကြိုင်ပါ ငါးဦးသည် ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်းနှင့် စာချုပ်မချုပ်မီကပင် အခြားကန်ထရိုက်တာတစ်ဦးနှင့် စာချုပ်ချုပ်ဆို၍ မြေငှားဂရန်စာချုပ်မူရင်း၊ ပိုင်ဆိုင်မှုစာချုပ်မူရင်းပေးကာ အလိုက်ငွေရယူထားကြောင်း သိရှိရပါသည်။

၃။ ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်းသည် အထက်စာပိုဒ်(၃)ပါ ကိစ္စရပ်များကို ကြိုတင်သိရှိပြီးဖြစ်ပါလျက် ဖုံးကွယ်ထိမ်ချန်ထားကာ လုပ်ငန်းလွှဲပြောင်းစာချုပ်ကို ချုပ်ဆို၍ အလိုက်ငွေအတွင်းမှ ကျပ်သိန်း၃၀၀ကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲပြောဆိုရယူသွားခြင်းဖြစ်၍ ယင်းစာချုပ်ကိုအကောင်အထည်ဖော်နိုင်ခြင်းမရှိသည့်အပြင် ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီက လွှမ်းမိုးပြီးဖြစ်၍ မြန်မာကံကောင်းကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဦးတင်အေး ကုမ္ပဏီသို့ အလိုက်ရယူထား ငွေကျပ်သိန်း၃၀၀ ၏ နှစ်ဆနှင့်ညီမျှသော ငွေကျပ်သိန်း ၆၀၀ကို ပြန်လည်ပေးလျော်ရမည့်အနေအထားသို့ ရောက်ရှိသွားပြီးဖြစ်ပါသည်။

၄။ သို့ပါ၍ မြန်မာကံကောင်းကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဦးတင်အေး Motherland Group Construction Co., Ltd.ထံသို့ ပြန်လည်ပေးလျော်ရမည့်ငွေကျပ်သိန်း ၆၀၀တိတိကို ၃၁–၈–၂၀၀၆ရက်နေ့မတိုင်မီ လာရောက်ပေးသွင်းပါရန်နှင့် ၎င်းငွေကိုလာရောက်ပေးသွင်းရန် ပျက်ကွက်ခဲ့ပါက စာချုပ်ပါစည်းကမ်းချက်များနှင့် ကတိ၀န်ခံချက်အရ ပြစ်မှုကြောင်း/တရားမကြောင်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါမြေကွက်နှင့်အိမ်ဟောင်းသည် လေးခန်းတွဲ ရှစ်ထပ်တိုက်သစ်ဆောက်လုပ်ရန် ကျွန်ုပ်၏မိတ်ဆွေ ဦးတင်အေး၏ Motherland Group Construction Co., Ltd.နှင့် စာချုပ်များချုပ်ဆိုထားခြင်းသည် ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီက လွှမ်းမိုးသွားပြီးဖြစ်၍ အခြားကန်ထရိုက်တာများနှင့် မည်သူမဆို ကန်ထရိုက်စာချုပ်များ ထပ်မံချုပ်ဆိုခြင်းမပြုလုပ်မိကြစေရေးအတွက် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးလှမြင့်(ဒဂုံ) စဉ်–၉၀၁၂
အထက်တန်းရှေ့နေ
အမှတ် ၁၀/၁၂၊ ပထမထပ်၊ အခန်းအမှတ် ၁၀၄(F)
၃၅လမ်း၊ လမ်းတို၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း–၅၃၄၃၆၉၊ ၂၀၄၀၅၈။

Japanese Language Proficiency Test 2006 (Mandalay)

မန္တလေးမြို့တွင် လက်ခံပါမည်။
လျှောက်လွှာလက်ခံမည့်ရက်–
–ဩဂုတ် ၂၈ရက်မှ ၃၀ရက်အထိ

HITO Center

၁၂လမ်းနှင့် ၈၀လမ်းထောင့်
မန္တလေးမြို့။ ဖုန်း–၀၂–၇၁၃၆၂
– ပုံစံများကို ဩဂုတ် ၂၁ရက်မှစ၍ အထက်ပါလိပ်စာတွင် ကြိုတင်ဝယ်ယူနိုင်ပါသည်။

မြန်မာနိုင်ငံ
ဂျပန်ပြန်ပညာသင်ဟောင်းများအသင်း
(MAJA)။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ရှမ်းအိ ၁၂/သကတ(နိုင်)၁၁၉၈၄၅ ၏ မြန်မာနိုင်ငံကူးလက်မှတ် အမှတ်–၂၉၁၅၀၀ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါ။ ကျေးဇူးဆပ်ပါမည်။ **မောင်ရှမ်းအိ ဖုန်း–၅၇၂၅၉၄။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဇော်ဝမ်း မှတ်ပုံတင်အမှတ် ၅/တဆန(နိုင်)၀၈၀၃၃၇၏ နိုင်ငံကူးလက်မှတ် PP°–၇၆၆၈၅၄သည် ခရီးသွားရင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်အတိုင်း ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း–၅၄၁၂၃၈။

မွေးနေ့ဆုမွန်

ဆုမြတ်မဒီဇေယျ(တုံတုံ)

ဒုတိယတန်း E'၊ အထက–၁ (ဒဂုံ)

တစ်ဦးတည်းသော ချစ်သမီးလေးရဲ့ ၂၄–၈–၂၀၀၆ရက်မှာ ကျရောက်တဲ့ (၇)နှစ်မြောက် မွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင် ကျန်းမာချမ်းသာပြီး ထူးချွန်ထက်မြက်တဲ့ သမီးကောင်းရတနာလေး ဖြစ်ပါစေ–

ဘိုးဘိုး ဘွားဘွား – ဒေါ်စိန်စိန်၊ ဦးချစ်အောင်–ဒေါ်ရီရီဝင်း
ဖေဖေ မေမေ – ဦးဇေယျကြည်ညွန့်–ဒေါ်ခင်ယမုန်အောင်
ဘဘ စည်သူ၊ အန်တီအေးသင်း၊ မောင်လေး ဘုံဘုံချစ်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၀၃၃၂၊ Honda C90 Customယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်စိန် မှတ်ပုံတင်အမှတ် ၅/ကသန(နိုင်)၀၂၈၈၅၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး၊မန္တလေး(မြောက်ပိုင်း)။



ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် ခ/၃၉၈၇၏အခွန်ပုံစံ(၁) ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဦးတင်ထွန်း**
အမှတ် ၅၆/၆၃၊ မြေညီ
မြန်မာ့ဂုဏ်ရည်လမ်း။

ပဲခူးအထက(၃)မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၃

ပဲခူးမြို့ အထက(၃)တွင် နှစ်ပေါင်း ၃၀ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ရန်ကုန်မြို့နေ တပည့်ကျောင်းသားဟောင်းများက စုပေါင်း ဂါရဝပြုပူဇော်ပွဲကို အောက်တိုဘာ ၈ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ခြောက်မိုင်ခွဲရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန I.B.C ၌ကျင်းပရန် စီစဉ်ထားသည်။

ကျောင်းသားဟောင်းများအနေဖြင့် ဦးကိုကိုအောင် ဖုန်း–၀၉–၅၁–၁၃၀၆၂၊ ဒေါက်တာဝင်းမောင် ဖုန်း–၀၉–၈၀–၃၂၇၆၀၊ ဦးယဉ်ထွေးသက် ဖုန်း–၀၉–၅၀–၁၂၉၄၄၊ ဦးသိန်းလွင်ဦး ဖုန်း–၀၉–၉၉–၇၁၄၇၇၊ ဒေါ်သန်းအေး ဖုန်း–၀၁–၅၃၈၅၈၈၊ ဒေါ်ဝါဝါစိုး ဖုန်း–၀၉–၅၀–၀၆၅၆၁၊ ဒေါ်ခင်နှင်းခိုင် ဖုန်း–၀၉–၅၁–၂၀၇၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ ပူဇော်ပွဲကျင်းပရေး တွေ့ဆုံညှိနှိုင်းပွဲကို စက်တင်ဘာ ၁၀ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁၂နာရီခွဲတွင် I.B.C၌ ကျင်းပမည်ဖြစ်ရာ တပည့်ကျောင်းသားဟောင်းများ အားလုံး တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က–ပ)**

စစ်ကိုင်းကျောက်တော်ကြီးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၃

စစ်ကိုင်းမြို့ သောတာပန်ရပ် လေးကျွန်းမာရ်အောင်စေတီ စစ်ကိုင်း ကျောက်တော်ကြီး မြတ်စွာဘုရား၏ (၉၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၆၈ခုနှစ် တော်သလင်းလဆန်း ၄ရက်မှ ၈ရက် (ဩဂုတ် ၂၆ရက်မှ ၃၀ရက်)အထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်ရက်ညများတွင် တရားပွဲများကို ကျင်းပမည်ဖြစ်ရာ ဩဂုတ်၂၆ရက်ညတွင် သီတဂူ အရှင်ပညာနန္ဒ၊ ၂၇ရက်ညတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒနှင့် ၂၈ရက်ညတွင် သီတဂူ ဆရာတော်ကြီးတို့က ညစဉ်၇နာရီမှစ၍ တရားတော်များကိုဟောကြားမည်ဖြစ်သည်။

ဆွမ်းကြီးလောင်း

ဩဂုတ်၂၉ရက်နှင့် ၃၀ရက်တို့တွင် ဘုရားရှင်အမှူးပြုသော သံဃာတော် အပါး၅၅၀နှင့် သီလရှင်အပါး ၃၆၀တို့အား စာရေးတံမဲနှင့် ဆွမ်းကြီးလောင်းလှူပွဲတို့ကိုပါ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဝိဇ္ဇာတမင်္ဂလာ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီကျောင်းတိုက်၏နာယက ဆရာကြီးဒေါ်ခမ္မိကဉာဏီ(ဖွားမိ) မဟာသဒ္ဓမ္မဇောတိကဓဇ၏ အသက်(၇၂)နှစ်ပြည့် မွေးနေ့ဝိဇ္ဇာတပူဇာမင်္ဂလာကို စက်တင်ဘာ၁၆ရက်တွင် စစ်ကိုင်းတောင်ရိုး သကျဓိတာ သမိဒ္ဓေါဒယတိုက်ခွဲတွင် ကျင်းပမည်ဖြစ်ပြီး စစ်ကိုင်းတောင်ရိုး လေးကျွန်းမြေအုတ်ကျောင်း ဆရာတော် ဘဒ္ဒန္တဓမ္မပီယအား သိက္ခာထပ်နှင့် ကျောင်းတိုက်အတွင်းရှိ သံဃာတော်အပါး ၈၀နှင့် ပင့်သီလရှင်အပါး ၁၅၀တို့အား ဒါတဗ္ဗဝတ္ထုလှူဖွယ်အစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဩဂုတ်၂၁ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဝန်ထမ်းများ မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲကို ခရိုင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က အဖွင့်အမှာစကားပြောကြားစဉ်။ (ခရိုင်ပြန်/ဆက်)

ဂျီအီးစီ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာစည်းဝေး အမြတ်ငွေများ အသင်းသားများသို့ ခွဲဝေပေးအပ်

မြဝတီ သြဂုတ် ၁၅

ကရင်ပြည်နယ် မြဝတီခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို သြဂုတ် ၁၂ရက်က မြဝတီမြို့ သောင်ရင်းခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦးက အမှာစကားပြောကြားသည်။ (ဓါတ်ပုံ)

ရှင်းလင်း

အခမ်းအနားတွင် သဘာပတိအဖြစ် မြဝတီခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်က ဆောင်ရွက်ပြီး ၂၀၀၅- ၂၀၀၆ခုနှစ် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ် အစီရင်ခံစာများ ဖတ်ကြားရှင်းလင်း အတည်ပြုချက်ရယူသည်။

ဆက်လက်၍ အသင်းသား ၅၈၈ ဦးသို့ ခွဲဝေပေးရန် အမြတ်ငွေ ၄၁၄၈၂၀၈ ကျပ် ၈၅ ပြားကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦးက အသင်းသားများကိုယ်စား ခရိုင်ဥပဒေအရာရှိ ဦးအောင်နိုင်သို့ ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

ပျဉ်းမနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေညီလာခံ အတွေ့အကြုံရှင်းလင်း

ပျဉ်းမနား သြဂုတ် ၅

ပျဉ်းမနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စာပေညီလာခံအတွေ့အကြုံ ရှင်းလင်းပွဲနှင့် ပျဉ်းမနားမဂ္ဂဇင်း ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၇ရက်က မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်လွင် (ဆရာစံကောင်း ပျဉ်းမနား)၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းကျော်မင်း (ကိုကြီးကျော်) တို့တက်ရောက်၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေညီလာခံ အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားတွင် ဦးကျော်ညွန့်-ဒေါ်ဝါဝါကျော်(ကျော်ညွန့်ရည်စာပေ-ရန်ကုန်)က မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် အားလုံးအတွက် ပျဉ်းမနားမဂ္ဂဇင်း ၆၇ အုပ်နှင့် မြို့နယ်ပညာရေးဌာန ကျောင်းစာကြည့်တိုက်များအတွက် မဂ္ဂဇင်းအုပ်၃၀ တို့ကို ပေးအပ်လှူဒါန်းပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ထာဝရစာပေငွေပဒေသာပင် အလှူငွေကျပ် ၄၉၀၀၀ ကို စိုက်ထူလှူဒါန်းကြောင်း သိရသည်။ **(၁၀၁)**

လှည်းကူးမြို့ မြို့မရပ်ကွက် သောက်သုံးရေကန် အဆင့်မြှင့်ကာရံခြင်းကို ဇူလိုင် ၅ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်စန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးသိန်းဦးတို့စစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးကျော်လတ်နှင့် အင်ဂျင်နီယာမှူး ဦးဘသိန်းတို့က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ကျောက်တံခါးမြို့ ကျောက်တံခါး-ဖျံတလင်း ကျေးလက်လမ်း ဂဝံခင်းရန်အတွက် ကျောက်စုဆောင်းမှုကို ဇူလိုင် ၂၆ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဟိန်းဇော်က ရှင်းလင်းပြသစဉ်။
(မြို့နယ် ပြန်/ဆက်)

ဂုဏ်ထူးရကျောင်းသားများ ဂုဏ်ပြု

မင်းဘူး သြဂုတ် ၁၄

မင်းဘူး(စကု) မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်း ခြောက်ကျောင်းအား စာသင်ခုံ ၃၂ ခုံ လှူဒါန်းပွဲနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာ နှင့် လေးဘာသာဂုဏ်ထူးရ ကျောင်းသားများဂုဏ်ပြုပွဲကို သြဂုတ် ၁၀ရက် နံနက် ၉ နာရီခွဲက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးအောင်လွင်နှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ကျေးရွာစည်းရုံးရေးမှူးများ တက်ရောက်ကြသည်။

ဂုဏ်ပြုဆု

ထို့နောက် အခြေခံပညာ မူလတန်းကျောင်း ခြောက်ကျောင်းသို့ စာသင်ခုံ ၃၂ ခုံ လှူဒါန်းပြီး ၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရ တစ်ဦးနှင့် လေးဘာသာဂုဏ်ထူးရ လေးဦးတို့အား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ်
(တော်သလင်းလဆန်း ၃ ရက်)
၂၅-၈-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၀၀ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ (ခေတ်ဟောင်း/ကာလပေါ်)
-အခြေခံပညာအဆင့်-(၁၅-၂၀) အမျိုးသား
(၁) မြန်မာ့ထောပတ်-မြသက်မှု
(၂) မြတ်ဒေသနာ-သထုံဘသိန်း
-အခြေခံပညာအဆင့် (၁၅-၂၀) အမျိုးသမီး
(၁) ပွဲကြိုက်မောင်-ဒေါ်ကြည်အောင်
၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဓီဝဒီဇယ်ဆီကြိတ်ထုတ်လုပ်ခြင်း ပညာအကြောင်း)
၁၁း၃၅ သုတကမ္ဘာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (ငှက်ဖျားရောဂါ)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ဆေးလိပ်ကလေးတစ်တို)

ညနေပိုင်း

၁၆း၁၀ ရာသီခါမီတေးပန်းချီ
(၁) မိုးဒေဝါ
(၂) ရွှေမင်းဂံ
(၃) စနေနေ့မှာ ရွာတဲ့မိုး
၁၇း၃၀ အဘိုးအဘွားအလေးထားကဏ္ဍ (နှခြင်းကိုရင်ဆိုင်အနိုင်ယူခြင်း- ဦးခင်မောင်မြ)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (သက်ဆိုင်သူသို့)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ဦးနှောက်၏အစွမ်း-မောင်ဆုရှင်)
၁၉း၀၅ ကာလပေါ်တူရိယာအဖွဲ့ (သစ္စာပန်းကာလပေါ်)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မေတ္တာကွက်လပ်တစ်နေရာ
(၂) တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာ
(၃) နက်ဖြန်သို့မဟုတ် ဘယ်သောခါ

ရေနုတ်မြောင်းတူးဖော်

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး အပြင်တန်းတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းကို ဇူလိုင် ၃၀ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး ကဝမြို့နယ်၌ စုပေါင်းမြေဩဇာကြဲပက်

ကဝ သြဂုတ် ၂၁

ကဝမြို့နယ် မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စပါးစိုက်ခင်းများအား စုပေါင်း၍ မြေဩဇာကျွေး ကြဲပက်ခြင်းလုပ်ငန်းကို သြဂုတ် ၁၉ရက်က ကဝမြို့မ (၁)ရပ်ကွက်ရှိ လယ်သမားကြီး ဦးကိုကိုလွင်၏ လယ်မြေတွင် ကျင်းပသည်။

တက်ရောက်အားပေး

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့်အဖွဲ့ဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမြင့်အောင်နှင့်ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ကျေးရွာရှိတောင်သူဦးကြီးများ တက်ရောက်အားပေးကြသည်။ **(အောက်ပုံ)**

ရှင်းလင်းပြသ

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်အောင်က တက်ရောက်လာသော တောင်သူလယ်သမားကြီးများအား ပုလဲဓာတ်မြေဩဇာကို အကျိုးရှိရှိအသုံးပြု၍ သဘာဝမြေဩဇာနှင့် ရောစပ်အသုံးပြုပုံ၊ စပါးပင်သက်တမ်းအလိုက် ကောက်ပင်လှန်ချိန်၊ အပင်များစုံချိန်၊ အနှံသန္ဓေတည်ချိန်တို့ကို အသီးသီးခွဲခြား၍ မြေဩဇာ ကြဲပက်ရေးအတွက် လယ်သမားများ လိုက်နာဆောင်ရွက်ကြရန် လက်တွေ့မြေဩဇာစပ်ပုံများ ရှင်းလင်းပြသကြသည်။ **(၂၄၀)**

သုံးခွမြို့နယ် ကတုံးပေါ်အထက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ငွေကျပ်သိန်း၁၄၀တန် ကျောင်းဆောင်သစ် ပေးအပ်ပွဲနှင့် အခြေခံပညာ အလယ်တန်းကျောင်းခွဲ တိုးမြှင့်ဖွင့်လှစ်ပွဲကို သြဂုတ်၉ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူးဦးသန်းဌေးက အခြေခံပညာအလယ်တန်းကျောင်းခွဲ တိုးမြှင့်ဖွင့်လှစ်ပွဲ အထိမ်းအမှတ်အလံကို ကျောင်းဖြစ်မြောက်ရေးအဖွဲ့ နာယက ဦးထွန်းကြိုင်နှင့် အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလွင်တို့အား လွှဲပြောင်းပေးအပ်စဉ်။ (၁၃၇)

မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ် သိန်း၃၀၀ ကျော်အကုန်အကျခံ တာဝန်ယူ တည်ဆောက်ဆဲဖြစ်သော သိမ်အဆောက်အအုံသစ်အတွက် ဇူလိုင်၂၉ ရက်က သာသနာပြု နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တ ဝိမလထံ မော်လမြိုင်မြို့ မရမ်းကုန်းရပ် ဗဟိုလမ်း အမှတ် ၁၉နေ ဦးတင်အောင်-ဒေါ်မြင့်မြင့်အေး (လူမှုထူးချွန် ပထမဆင့်)မိသားစုက ငွေကျပ် တစ်သိန်းဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

နောင်တရားနှင့်ပင်လောင်း၌ ခြစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုး တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး တက်ရောက်အားပေး

နေပြည်တော် ဩဂုတ် ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၂ရက် နံနက်ပိုင်းက နောင်တရားမြို့နယ် သံတဲကျေးရွာ၌ကျင်းပသော ခြစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့တက်ရောက်၍ ပြည်နယ်အတွင်း ခြစည်းရိုးကြက်ဆူပင်လျာထားဧကပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ကြရေး အကျယ်တဝင့် အမှာစကားပြောကြားသည်။

ဝေငှ

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများအား ခြစည်းရိုးကြက်ဆူပျိုးပင်များကို အသီးသီး ဝေငှပေးသည်။

လှည့်လည်ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခြစည်းရိုးကြက်ဆူပင်များကို သတ်မှတ်နေရာတွင် စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက ကြက်ဆူပျိုးပင်များကို တပျော် တပါး စုပေါင်းစိုက်ပျိုးနေမှုနှင့် နမူနာပြသထားသော ခြစည်းရိုးကြက်ဆူသီးများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ပင်လောင်းမြို့နယ်

ယင်းနောက် တိုင်းမှူးသည် ပင်လောင်းမြို့နယ် တကူးငိုကျေးရွာ၌ ကျင်းပသည့် ခြစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ကြက်ဆူပျိုးပင်များကို တက်ရောက်လာကြသူများအား ဝေငှပေးအပ်၍ သတ်မှတ်နေရာများတွင် ကြက်ဆူပျိုးပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် တိုင်းမှူးသည် တက်ရောက်လာကြသူများ၏ ခြစည်းရိုးကြက်ဆူပျိုးပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယင်းနောက် တိုင်းမှူးသည် ပျိုးဥယျာဉ်အတွင်း နမူနာပြသထားသော ကိုင်းဖြတ်ပျိုးထောင် မျိုးပွားထားသည့် လက်ဖက်ပင်များနှင့် မြေဩဇာဖျော်ရည်၊ ခြစည်းရိုးကြက်ဆူပျိုးပင်နှင့် ကြက်ဆူသီးနမူနာများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ် ၄၂နေ ဦးမျိုးသန့်-ဒေါ်ကေသက်မော်၊ သမီး မသိမ့်နှင်းဦး၊ မအိမ့်ခွာညို မိသားစုက အလှူငွေကျပ်တစ်သိန်းတစ်သောင်းကို ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌဆရာတော်အရှင်ရာဇိန္ဒ(နာလန္ဒာ)ထံ ဆက်ကပ်စဉ်။ (က-ပ)

ပင်လည်ဘူးမြို့ ရေပေးရေးလုပ်ငန်းဆောင်ရွက်ရန် ရေဂါလန် ၃၂၀၀၀ ဆံ့ ရေကန် တည်ဆောက်နေမှုကို ဇူလိုင် ၂၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမောင်ဆွေ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မိုင်းဆတ် ၁၀ မိုင်ကျေးရွာ၌ စိမ့်စမ်းရေသွယ် အများသုံးအုတ်ရေကန် တည်ဆောက်မည်

မိုင်းဆတ် ဩဂုတ် ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျဒယ်အုပ်စု ၁၀ မိုင်ကျေးရွာတွင် စိမ့်စမ်းရေသွယ်၍ ရွာလမ်းဆုံတွင် အလျား ၁၀ ပေ အနံ ရှစ်ပေ၊ အမြင့် ငါးပေရှိ အများသုံးအုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းအတွက် မိုင်းဆတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေ၊ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဝင်း၊ ကျဒယ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးယားဒေတို့ပါဝင်သော အဖွဲ့သည် ဩဂုတ် ၆ ရက်က ရေသွယ်ယူရန်ရွာမှ ပေ ၁၁၀၀ ဝေးသော စိမ့်စမ်းရေထွက်သို့ သွားရောက်ကြည့်ရှုကြပြီး **(အောက်ပုံ)** ဆောက်လုပ်ပေးမည့် အများသုံးအုတ်ရေကန်ကို ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် ခွင့်ပြုရန်ပုံငွေကျပ် ၆၂၅၀၀၀ ဖြင့် မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကလေးသူငယ်များ အာဟာရကျွေးမွေး

သနပ်ပင် ဩဂုတ် ၁၄

ပဲခူးတိုင်း သနပ်ပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ဦးဆောင်မှုဖြင့် အပိုင်ကျေးရွာတွင် ကလေးသူငယ်များအား အာဟာရကျွေးမွေးခြင်း အခမ်းအနားကို ဩဂုတ် ၅ရက်က ကျေးရွာအခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဌေးဌေးနှင့် အမှုဆောင်များ၊ အပိုင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြသည်။

ထို့နောက် အပိုင်ကျေးရွာအုပ်စု အောင်ချမ်းသာရွာမှ ကလေးသူငယ် ၁၀၀ တို့အား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေး၊ ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် လူမှုရေးအဖွဲ့အစည်းများက အာဟာရမုန့်ဟင်းခါးများ ကျွေးမွေးကြသည်။

(အောက်ပုံ)
(မြို့နယ် ပြန်/ဆက်)

သဲကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကြီးမှူး ကျေးရွာစာကြည့်တိုက်များအတွက် အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

သဲကုန်း ဩဂုတ် ၁၈

ပြည်ခရိုင် သဲကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကကြီးမှူး၍ ကျေးရွာ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူငွေ၊ ရုပ်မြင်သံကြားပြစက်၊ ဒီဗီဒီ အောက်စက်၊ ဘက်ထရီ၊ စာအုပ်နှင့် စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၅ ရက် နံနက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ခင်က အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌဦးလှဌေးနိုင်က စာကြည့်တိုက်များသို့ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ကျေးရွာအုပ်စုများမှ စေတနာရှင်များနှင့်အလှူရှင် ပြည်သူများ လှူဒါန်းသော ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက် နှစ်လုံး၊ ၁၄ လက်မ ရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံး၊ ၁၄ လက်မ အဖြူအမည်း ရုပ်မြင်သံကြားပြစက်ခုနစ်လုံး၊ ဒီဗီဒီပြစက်တစ်လုံး၊ ဘက်ထရီအိုး ခုနစ်လုံးနှင့် ငွေသားကျပ် တစ်သိန်း ငါးသောင်း ရှစ်ထောင်တို့ကို ကျေးရွာအုပ်စု ဥက္ကဋ္ဌများက ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ခင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးလှဌေးနိုင်နှင့် မြို့နယ်အတွင်းရေးမှူး ဦးကြင်ရွှေတို့က လက်ခံယူကြသည်။

ထို့နောက် ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများက လှူဒါန်းသော စာနယ်ဇင်းမျိုးစုံ ၃၁၉ စောင်နှင့် အလှူငွေများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးလှမြင့်က ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောမျိုးချစ်က လက်ခံယူသည်။

ဆက်လက်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးလှဌေးနိုင်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ အလှူရှင်များကိုယ်စား သစ်နီတောကျေးရွာဥက္ကဋ္ဌ ဦးလှငွေက လက်ခံယူပြီး ပုတီးကုန်းကျေးရွာဥက္ကဋ္ဌ ဦးထွန်းရွှေက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားတွင် ပေးအပ်လှူဒါန်းသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၁၅၂၉၀၀၀ ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

စဉ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်းကတ္တရာလမ်းများ ပျက်စီးမှုမရှိစေရေးအတွက် ဧရာအောင်မြေ (၄)လမ်း ကတ္တရာလမ်းပေါက်များ ပြုပြင်ဖာထေးခြင်းလုပ်ငန်းကို ဩဂုတ် ၇ ရက်က အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးမောင်မောင်နိုင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဓမ္မကထိကဆရာတော်များအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိ သာသနာနုဂ္ဂဟ ဆန်လှူအသင်း၏ အကြိမ် (၈၀)မြောက် အကျိုးတော်ဆောင် ဓမ္မကထိက ဆရာတော်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် လေးသောင်းအထက် အာစိဏ္ဏကံ ပဒေသာအလှူရှင်များ ဂုဏ်ပြုပွဲကို ၁၃၆၈ခုနှစ် တော်သလင်းလဆန်း၅ရက် (ဩဂုတ် ၂၇ ရက်) နံနက် ၉နာရီတွင် အသင်းတိုက်တည်ရာ အမှတ်(၈၉) အထက်ကြည့်မြင်တိုင်လမ်း ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်

အသင်းသူ အသင်းသားများနှင့် အလှူရှင်များမပျက်မကွက်တက်ရောက်ကြရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဖခင်ကြီး ဦးခို့ရှန်နှင့် ဦးတင်အေးတို့အား ရည်စူး၍ မိခင်ကြီး ဒေါ်သန်းသန်းနှင့် ဒေါ်ကျင်ရွှေတို့အားအမှူးထားပြီး (သား)ကိုတင်ထွန်း၊ (သမီး)မဆွေသန္တာ၊ (မြေး) မသုမြတ်နိုးဦး၊ မောင်သုတအောင် မိသားစု တိုက်(၂) အခန်း(၂-ဘီ) အင်းစိန်လမ်းမ ၉ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေ စေတီရံတစ်ဆူအတွက် ငွေကျပ် ၁၀၀၀၀၀နှင့် နဂါးရုံဘုရားတစ်ဆူအတွက် ငွေကျပ်၁၂၀၀၀၀တို့ကို လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုလွှာချီးမြှင့်တော်မူစဉ်။ (က-ပ)

အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် မဟာမြိုင်ပရိယတ္တိ စာသင်တိုက်တွင် ထာဝရ ရေပဒေသာပင် အပင် ၁၀၀၀ စိုက်ထူလှူဒါန်းမည်ဖြစ်ရာ ရေပဒေသာပင် တစ်ပင်လျှင် ငွေကျပ် ၁၂၀၀၀နှုန်းဖြင့် ဆယ်ပင်အတွက် ငွေကျပ် ၁၂၀၀၀၀ကို ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သူရိယ ရှေ့မှောက်၌ အမှတ် ၃၈/ အေ မဟာမြိုင်ကျောင်းလမ်း အောင်ဆန်းရပ်ကွက်နေ မိခင်ကြီး ဒေါ်သိန်းခင် တစ်လပြည့်အား ရည်စူး၍ ဦးဇာသီဦး-ဒေါ်တင်တင်လှ မိသားစုက အကျိုးဆောင် ဒေါ်လှလှစိုးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဒေါ်အုံးကြည်အားရည်စူး၍ အမှတ်၈၁၉ အနော်မာလမ်း ၁၃ ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဦးကိုကိုကြီး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က-ပ)

ရန်ကင်း မြို့နယ် အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအဖြစ် ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာဆရာမများ ဩဂုတ် ၁၉ရက်က အာဟာရ ဘဲသားဆန်ပြုတ် တိုက်ကျွေးစဉ်။ (က-ပ)

ဘုတလင်၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုး ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်း

ဘုတလင် ဩဂုတ် ၁၀

မုံရွာခရိုင် ဘုတလင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပွဲ၊ အဆိုပြုလွှာပေးအပ်ပွဲနှင့် စာရေးကိရိယာများ လှူဒါန်းပွဲကို ဇူလိုင် ၂၉ရက် နံနက် ၉နာရီက ဇီးတောရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းဆောင်၌ ကျင်းပသည်။

စိုက်ပျိုး

ရှေးဦးစွာ ဇီးတောရွာစိုက်ကွင်း၌ ခြံစည်းရိုးကြက်ဆူပင် ၁၅၅၀ပင်ကို စုပေါင်းစိုက်ပျိုးကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မွန်လတ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက စိုက်ပျိုးကြသည်။ ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်က အသင်းဝတ်စုံနှင့် အမျိုးသမီးရေးရာအဖွဲ့ဝတ်စုံများကို ပေးအပ်ရာ ကျေးရွာတာဝန်ရှိသူများက လက်ခံယူကြသည်။

လက်ခံ

ကျောင်းသုံး ဗလာစာအုပ်နှင့် စာရေးကိရိယာများကို မြို့နယ်အသင်းဥက္ကဋ္ဌက ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမူက လက်ခံယူသည်။

ထို့နောက် ဇီးတောကျေးရွာမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာများကို ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါ်ဝင်းရွှေကပေးအပ်ရာ မြို့နယ်အသင်းဥက္ကဋ္ဌက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပြည်သာယာဈေးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် ဩဂုတ်၁၂ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့် မအူပင်မြို့၌ ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

မအူပင် ဩဂုတ် ၁၀

မအူပင်ခရိုင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၃၁ရက်က မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူး ရဲမြတ်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဌေးဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အကဲဖြတ် ဒိုင်အဖွဲ့ဝင်များနှင့် မအူပင်၊ ညောင်တုန်း၊ ပန်းတနော်နှင့် ဓနုဖြူမြို့နယ်များမှ ပြိုင်ပွဲဝင် အနုပညာရှင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မအူပင်ခရိုင်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီး ပြိုင်ပွဲကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရာ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အနုပညာရှင် ၁၄၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမတံခွန်စိုက် ဆုဖလားရ မအူပင်မြို့နယ်အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်က ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** **(၄၂၁)**

မော်ကျွန်း၌ ကျောင်းကျန်းမာရေးစစ်ဆေး၊ ပညာပေး ဟောပြော

မော်လမြိုင်ကျွန်း ဩဂုတ် ၁၄

မော်လမြိုင်ကျွန်းမြို့နယ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းကျန်းမာရေးစစ်ဆေးပွဲနှင့် ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၀ရက် နံနက် ၁၀နာရီက မော်လမြိုင်ကျွန်းမြို့ အောင်သုခ မူလတန်းကျောင်းတွင် ကျင်းပရာ ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင် သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာ အေးအေးမော်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသူ ကျောင်းသားများအား ကျောင်းကျန်းမာရေး စစ်ဆေးကုသပေးကြသည်။ **(ဝဲပုံ)**

ဟောပြော

ယင်းနောက် ကျောင်းကျန်းမာရေး အဖွဲ့ခေါင်းဆောင် သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာ အေးအေးမော်နှင့်အဖွဲ့သည် ကျောင်းသူ ကျောင်းသားများအား ကျောင်းကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို အခန်းကဏ္ဍအလိုက် ပညာပေးဟောပြောကြပြီး ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်သိန်းနှင့် ဆရာ ဆရာမများ၏ ကြီးကြပ်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်းအာဟာရ ကျွေးမွေးကြသည်။ **(၀၉၇)**

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ဒုတိယဦးစီးမှူး(အခွန်)ဒေါ်ချိုချိုဝင်း ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများ ဩဂုတ် ၇ရက်က ပေါင်းနုတ်၊ မြေဆွေးထည့်ခြင်းတို့ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ယူကရိန်းနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၀၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ယူကရိန်းသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဗစ်တာ၊ ယာနုကိုဗစ်ရှ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး စည်သာ ရေကူရေလှောင်တမံစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

မာဒေးကားဖလား ဘောလုံးပြိုင်ပွဲယှဉ်ပြိုင် မြန်မာနှင့်ထိုင်းအသင်းတို့ နှစ်ဂိုးစီသရေကျ

ရန်ကုန် ဩဂုတ် ၂၃

(၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီက မလေးရှားနိုင်ငံ ရှာအလမ်အားကစားကွင်း၌ စတင်ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

မြန်မာအသင်းအတွက် နှစ်ဂိုးကို တိုက်စစ်မှူး စည်သူဝင်းက သွင်းယူပေးသည်။ မြန်မာအသင်းသည် ဒုတိယပွဲစဉ်အဖြစ် ဩဂုတ် ၂၅ရက်၌ အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရန်ကုန်-မန္တလေး မြရောစျေးသင်္ဘော ရန်ကုန်မှစတင်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်စည်ပို့ဆောင်ရေးဌာနခွဲ ရန်ကုန်–မန္တလေး မြရောစျေးသင်္ဘောနှင့် စျေးတွဲနှစ်တွဲတို့သည် ဆန်၊ ဆား၊ ဆပ်ပြာဆီ၊ ပရိဘောဂ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် အထွေထွေလူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ စုစုပေါင်း ၁၀၄၇ တန်ချိန် တင်ဆောင်ပြီး ဩဂုတ် ၂၂ရက် မွန်းတည့် ၁၂နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်းမှ မန္တလေးမြို့သို့ စတင်ထွက်ခွာသွားပြီဖြစ်သည်။**(အောက်ပုံ)** ***စာမျက်နှာ ၇ ကော်လံ ၃*** ❒



ပြင်ဦးလွင်ခရိုင်၌ တည်ဆောက်နေသည့် စည်သာရေကူရေလှောင်တမံ စီမံကိန်းဒေသတွင်း စိမ်းလန်းစိုပြည်မှုနှင့် ရတနာပုံမြို့သစ်အတွက် ရေပေးဝေနိုင်မည်

နေပြည်တော် ဩဂုတ် ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၁၈ ရက်တွင် မန္တလေးတိုင်း ကျောက်ဆည်မြို့စိုက်ပျိုးရေးသုတေသနခြံ၌ ဒေသအဖွဲ့အစည်းများ၊ တိုင်း၊ခရိုင်၊မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့်တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စများကို ဆွေးနွေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သုတေသနခြံ၌ စပါးမျိုးများ၏ သက်တမ်း၊ ကောက်ကွက်၊ မြေဩဇာနှုန်းထားနှင့် စိုက်ပျိုးချိန်စမ်းသပ်ကွက်များနှင့် သုတေသနပြုမှုများ၊လေ့လာတွေ့ရှိချက်များကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးသုတေသနပညာရှင်များက ပြသရှင်းလင်းကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်ခရိုင် စည်ပင်ကျေးရွာအနီး၌ တည်ဆောက်နေသည့် စည်သာ ရေကူရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန ***စာမျက်နှာ ၉ ကော်လံ ၁*** ■

ပါတီသည် ပါတီနိုင်ငံရေး သန့်သန့်ကိုသာ ဆောင်ရွက်ခြင်းမဟုတ်ဘဲ တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့်လုပ်ရပ်များ ရှေးရှုလုပ်ဆောင် လပွတ္တာမြို့နယ် NLD ပါတီဝင် ၂၈ ဦး ထပ်မံနုတ်ထွက်

ရန်ကုန် ဩဂုတ် ၂၃

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော အမှတ်(၄)ရပ်ကွက်မှ ဦးနေဝင်း၊ ဦးသိန်းအေး၊ ဦးအဒူလာ၊ ဦးကြည်သိန်း၊ ဦးအောင်ဝင်းနှင့် ဦးဝင်းမြင့်၊ အမှတ်(၂)ရပ်ကွက်မှ ဒေါ်ပြုံးကြည်၊ ဦးခင်ဇော်၊ ဒေါ်ခင်စန်း၊ ဦးတင်လှိုင်၊ ဦးအုန်းလှိုင်၊ ဦးလှတင်၊ ဒေါ်စန်းပြုံး၊ဦးခင်လှ၊ ဦးကုလား၊ ဦးသန်းမြင့်၊ ဒေါ်အမာတင်၊ ဦးထွန်းမြင့်နှင့် ဦးကြည်ဝင်း၊အမှတ်(၉) ရပ်ကွက်မှ ဦးလှဌေး၊ ဦးခင်မောင်ဦး၊ ဦးအေးမောင်၊ ဒေါ်တင်ကြည်၊ ဒေါ်ခင်အေးနှင့် ဦးမြင့်ဌေး၊ အမှတ်(၆)ရပ်ကွက်မှ ဦးအေး၊ ဦးတင်သန်း၊ ဦးသိန်းဟန်တို့သည် ဇူလိုင် ၂၄ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

တီကောင်စွန့်ပစ်ဩဂဲနစ် သဘာဝမြေဩဇာ

သတင်းမှတ်စုနှင့်ဓာတ်ပုံ-ကိုရဲ(စိုက်ပျိုးရေး)

ရန်ကုန် ဩဂုတ် ၂၃

ဩဂဲနစ်သဘာဝမြေဩဇာအပင်ထွက်ပိုးသတ်ဆေးများသုံး၍ ဓာတုဗေဒပစ္စည်းမပါဝင်သော စားသုံးသီးနှံများကို ရွေးချယ်စားသုံးလာကြသည်။ ဓာတ်မြေဩဇာအစားထိုးအသုံးပြုနိုင်သော သဘာဝမြေဆွေးများစွာရှိသည်။ ယင်းအနက် အလွယ်တကူ မွေးမြူသုံးနိုင်သော တီကောင်စွန့်ပစ် မြေဆွေးဟုလည်း ခေါ်ကြသည့် ဩဂဲနစ်သဘာဝမြေဩဇာကို အသုံးပြုသင့်ကြပေသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✡

တီကောင်အမျိုးအစားကို ဤသို့ တွေ့ရသည်။